# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ နတ်တော်လဆန်း ၄ရက်၊ ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာ ၁၀ ရက်၊ သောကြာနေ့၊ အတွဲ (၅၀)၊ အမှတ် (၇၁)


| နိုင်ငံရေး ဦးတည်ချက်(၄)ရပ် | စီးပွားရေး ဦးတည်ချက်(၄)ရပ် | လူမှုရေး ဦးတည်ချက်(၄)ရပ် |
|---|---|---|
| * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး<br>* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး<br>* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး<br>* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး<br>* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး<br>* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး<br>* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး<br>* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

## (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၅)ရပ်

❖ နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

❖ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

❖ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းဆက်လက်ကြိုးပမ်းဆောင်ရွက်ရေး။

❖ နိုင်ငံတော်၌ ရရှိထားပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုနှင့် တရားဥပဒေစိုးမိုးမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှု အရှိန်အဟုန်ကို ပိုမိုခိုင်မာစေရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

❖ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်ရာတွင် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးသည် ပဓာနကျသဖြင့် ပြည်ထောင်စုပြိုကွဲစေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ယိုယွင်းပျက်စီးစေရန် ဖျက်လိုဖျက်ဆီးကြံစည်အားထုတ် လုပ်ဆောင်လာမှုမှန်သမျှကို တိုင်းရင်းသားအားလုံးက သတိကြီးစွာဖြင့် တားဆီးကာကွယ်ရေး။

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သက်နိုင်ဝင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သက်နိုင်ဝင်းသည် ဒီဇင်ဘာ ၅ရက် နံနက်ပိုင်းက ဘုတ်ပြင်းတပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့်တွေ့ဆုံပြီး အားကစားပစ္စည်းများပေးအပ်ကာ အခမ်းအနားသို့ တက်ရောက်လာကြသော စစ်သည်နှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် ဘုတ်ပြင်းမြို့ တပ်မတော်ဆေးရုံခုတင်(၁၀၀)၌ ကြည့်ရှုစစ်ဆေးကာ ဆေးရုံတက်ရောက်ကုသမှု ခံယူလျက်ရှိကြသော လူနာများအား အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။ စာမျက်နှာ ၆ ကော်လံ ၁ ❒

## ၂၀၀၉ခုနှစ်အတွက် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနား ကျင်းပမည့်ရက် ပြောင်းလဲသတ်မှတ်

နေပြည်တော် ဒီဇင်ဘာ ၉

၂၀၀၉ခုနှစ်အတွက် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားကို ၂၀၁၀ခုနှစ် ဒီဇင်ဘာ ၂၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် နေပြည်တော် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမကြီး၌ ကျင်းပရန် စီစဉ်ထားရာ ယင်းနေ့အစား ၂၀၁၀ခုနှစ် ဒီဇင်ဘာ ၃၁ရက် (သောကြာနေ့) နံနက် ၉နာရီတွင် အဆိုပါခန်းမကြီး၌ကျင်းပမည်ဟု ပြောင်းလဲသတ်မှတ်လိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

### ထူးခြားသည့် ညအပူချိန် ၉-၁၂-၂၀၁၀

မချမ်းဘောမြို့ ၉ ဒီဂရီစင်တီဂရိတ်



မြင့်မားသော တောင်တန်းများနောက်ခံဖြင့် အိမ်များဆောက်လုပ်ထားသည့် ဖလမ်းမြို့၏ ရှုခင်းအလှကို ဤသို့တွေ့ရသည်။

# တောင်ပေါ်ဝခန်း ဖလမ်းမြို့သို့ လေ့လာရေးခရီးတစ်ခေါက်

သတင်းခရီးသည် - မြင့်မောင်စိုး ➢ ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)

နေပြည်တော် ဒီဇင်ဘာ ၉

ဖလမ်းမြို့သည် မြန်မာနိုင်ငံ၏ အနောက်မြောက်ပိုင်း ချင်းတောင်တန်းဒေသတွင် ထင်ရှားသည့် မြို့တစ်မြို့ဖြစ်သည်။

ချင်းပြည်နယ် ဖလမ်းခရိုင်တွင် ဟားခါး၊ တွန်းဇံ၊ ကျီးခါး၊ ထန်တလန်နှင့် ရိဒ်ခေါဒါရ်မြို့များ ရှိကြသည်။ ချင်းပြည်နယ်ကို အနောက်မြောက်ဘက်တွင် အိန္ဒိယနိုင်ငံ၊ အနောက်ဘက်၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တောင်ဘက်တွင် ရခိုင်ပြည်နယ်၊ အရှေ့ဘက်၌ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့က အနားကွပ်ပေးထားသည်။ စာမျက်နှာ ၁၀ ကော်လံ ၁ ◆

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်)

# သဘာဝသစ်တောများ ရေရှည်တည်တံ့ရေး ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်

မြန်မာနိုင်ငံအတွင်းရှိသော ရေ၊ မြေ၊ သစ်တောနှင့် ဂေဟစနစ်များသည် သဘာဝပတ်ဝန်းကျင်နှင့် လူသားများအပါအဝင် သက်ရှိများအပေါ် အကျိုးပြုနေသည်။ ''ရတနာသစ်တော ပြည့်သွေးကြော'' ဟူသော သစ်တောရေးရာဆောင်ပုဒ်အရ နိုင်ငံ၏ ရေ၊ မြေသယံဇာတများကို တန်ဖိုးထား ထိန်းသိမ်းကြရမည် ဖြစ်သည်။ လူတို့အပေါ် အကျိုးပြုနေသော ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတစ်ဝန်းသစ်တောများကို ထိန်းသိမ်းစောင့်ရှောက်ရာ၌ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ၊ အထူးကျွန်းစိုက်ခင်း စီမံကိန်းများ၊ ဒီရေတောများ ပြန်လည်စိုက်ပျိုးထိန်းသိမ်းရေး စီမံကိန်းများ၊ ရေဝေရေလဲ စီမံကိန်းများ စသည်ဖြင့် စီမံကိန်းများစနစ်တကျ ချမှတ်ဖော်ဆောင်လျက်ရှိသည်။

''ဥတုရာသီ တောကိုမှီ'' ဆိုစကားအရ သဘာဝသစ်တောများသည် ရာသီဥတုကို ပြုပြင်ပြောင်းလဲမှုဖြစ်စေပြီး သဘာဝသစ်တောများပျက်စီးပါက အပူလွန်ကဲခြင်း၊ အအေးလွန်ကဲခြင်းတို့ကို ဖြစ်ပေါ်စေသဖြင့် သဘာဝသစ်တောများ မပျက်စီးရန် ထိန်းသိမ်းစောင့်ရှောက်ကြရမည် ဖြစ်သည်။

ထို့အတွက်ကြောင့် အပူပိုင်းဒေသများ စိမ်းလန်းစိုပြည်ရေးအတွက် စိုက်ခင်းများ တည်ထောင်ခြင်း၊ သဘာဝသစ်တောကျန်များကို ထိန်းသိမ်းကာကွယ်ခြင်း၊ ထင်းအစားထိုး လောင်စာအသုံးချရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်းနှင့် ရေရရှိရေး အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

သစ်တောသစ်ပင်များရှိခြင်းကြောင့် မြေပြိုတိုက်စားမှု ကာကွယ်နိုင်ခြင်း၊ ရေကောင်းရေသန့်ရရှိခြင်း၊ ရှုခင်းသာယာခြင်း၊ မြေဆီလွှာထိန်းသိမ်းနိုင်ခြင်း၊ သားငှက် တိရစ္ဆာန်တို့ကို ထိန်းသိမ်းကာကွယ်နိုင်ခြင်း၊ ရေဝေရေလဲထိန်းသိမ်းနိုင်ခြင်းနှင့်အတူ လေထုညစ်ညမ်းမှုကိုပါ ကာကွယ်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိစေသည်။

သို့ဖြစ်ရာ သစ်တောများကို ထိန်းသိမ်းကာကွယ်ရေးနှင့် သစ်တောသယံဇာတများကို ထုတ်ယူသုံးစွဲရာ၌ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ ရေရှည်တည်တံ့ရေးအတွက် ပြည်သူတစ်ရပ်လုံးသည် အမျိုးသားရေး တာဝန်အဖြစ် ဝိုင်းဝန်းလက်တွဲ ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ(၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲရာထူး၊ ဌာန |
|---|---|
| (က) ဦးသန်းဝင်း | ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုဝါဏိဇ္ဇပဋိပက္ခမှုကော်မတီရုံး<br>အလုပ်သမားဝန်ကြီးဌာန။ |
| (ခ) ပါမောက္ခဒေါက်တာဒေါ်မြသူ | ပါမောက္ခချုပ်<br>သူနာပြုတက္ကသိုလ်(ရန်ကုန်)<br>ဆေးသိပ္ပံပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန။ |

## သွားနှင့်ခံတွင်းဆရာဝန်အသင်း ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၉

မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်း (မကွေးတိုင်းဒေသကြီးအသင်းခွဲ)၏ သင်းလုံးကျွတ်တွေ့ဆုံပွဲနှင့် ပညာရပ်ဆိုင်ရာဆွေးနွေးပွဲကို မကွေးမြို့ မကွေးဟိုတယ်၌ ဒီဇင်ဘာ ၂၆ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်သည်။

**ဆက်သွယ်မေးမြန်းနိုင်**

မကွေးတိုင်းဒေသကြီးအတွင်းရှိ သွားနှင့်ခံတွင်း ဆရာဝန်များအားလုံး မပျက်မကွက် တက်ရောက်ကြရန်နှင့် အသေးစိတ်သိလိုသည့် အချက်များကို ဒေါက်တာထွန်းဇော်(ဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီး သွားနှင့်ခံတွင်းဆရာဝန်အသင်း) ဖုန်း-၀၉-၅၃၄၀၆၉၃နှင့် ဒေါက်တာအောင်ခိုင်မော်(အထွေထွေအတွင်းရေးမှူး)ဖုန်း-၀၉-၅၃၄၁၄၀၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)



## ခုခံအားကျဆင်းမှုရောဂါ တိုက်ဖျက်ရေးနေ့နှင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ပုသိမ်၌ကျင်းပ

ပုသိမ် ဒီဇင်ဘာ ၉

ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ စီစဉ်မှုဖြင့် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဒီဇင်ဘာ ၃ရက် နံနက် ၉နာရီက ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ကျင်းပရာ အခမ်းအနားတွင် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ၌ ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

အလားတူ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ဒီဇင်ဘာ ၃ရက် ည ၇နာရီက ပုသိမ်မြို့၌ကျင်းပရာ အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်အေးသိန်းက အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ပုသိမ်မြို့ အထက(၆)အဋ္ဌမတန်းမှ ဒုတိယဆုရရှိသည့် မောင်သူရပိုင်စိုး (**အပေါ်ပုံ**)နှင့် ဆုရရှိသူ ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)





## အပြည်ပြည်ဆိုင်ရာ လက်ဝှေ့ဒိုင်လူကြီးသင်တန်းဆင်း

ရန်ကုန် ဒီဇင်ဘာ ၉

အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော အပြည်ပြည်ဆိုင်ရာ လက်ဝှေ့ဒိုင်လူကြီးသင်တန်း အမှတ်စဉ် (၁/၂၀၁၀) သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၇ရက် မွန်းလွဲ ၂နာရီက ကျိုက္ကဆံအားကစားနှင့် ကာယပညာသိပ္ပံကျောင်းဝင်းရှိ ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရန်ဝင်း(**အပေါ်ပုံ**) တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို ချီးမြှင့်ပေးအပ်သည်။

**လက်တွေ့ဖြေဆို**

သင်တန်းကာလမှာ ခြောက်ပတ်ကြာမြင့်ပြီး စာတွေ့နှင့်လက်တွေ့ ပေါင်းစပ်သင်ကြားခဲ့ခြင်းဖြစ်သည်။ နိုဝင်ဘာ ၂၉ရက်မှ ဒီဇင်ဘာ ၄ရက်အထိ ကျင်းပခဲ့သော မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား တံခွန်စိုက် လက်ဝှေ့ပြိုင်ပွဲတွင် ယခုသင်တန်းသားများက ကြိုးဝိုင်းဒိုင်နှင့်အမှတ်ပေးဒိုင်သင်ခန်းစာများကို လက်တွေ့ဖြေဆိုခဲ့ကြကြောင်း သိရသည်။ ပြီးဆုံးသော သင်တန်းနှင့်ပတ်သက်၍ သုံးသပ်ချက်များကို အထွေထွေအတွင်းရေးမှူး ဦးတင်လှိုင်က ပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်းက သင်တန်းသား ၆၁ဦးကို သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်)

**မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်သည့် ခရိုင်ချင်းဆက်လမ်း အမှတ်(၁) မိုင်တိုင်အမှတ်(၁၉၈)အနီး တံခွန်တိုင်ချောင်း တံတားတည်ဆောက်ပြီးစီးမှုကို ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ဒီဇင်ဘာ ၃ရက်က ကွင်းဆင်းစစ်ဆေးရာ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းမိုးထိုက်နှင့် အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမိုးဟိန်းတို့ ရှင်းလင်းတင်ပြစဉ်။** (မြို့နယ် ပြန်/ဆက်)



**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## မိုးညိုမြို့(အထက)အာစရိယပူဇော်ပွဲကျင်းပမည်

*မိုးညို ဒီဇင်ဘာ ၉*

*မိုးညိုမြို့(အထက) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် မိုးညိုမြို့ (အထက)ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ ဆရာ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူဟောင်းများ ကြွရောက်ကြရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက ဦးအုန်းဟန် ဖုန်း-၀၉-၅၁၃၇၂၂၅၊ ဦးကျော်စိုး ဖုန်း-၀၁-၇၃၁၀၄၈၀၀၊ ဦးကင်းမိန် ဖုန်း- ၀၁-၇၀၅၄၂၇၊ ဦးအုန်းသော် ဖုန်း-၀၁-၅၆၅၆၆၈၊ ဦးလှသန်း ဖုန်း-၀၁-၅၈၄၃၉၀၊ ဦးသန်းလှိုင် ဖုန်း-၀၉-၅၁၅၂၂၅၈၊ ဦးစိုးတင့်(သာယာဝတီ) ဖုန်း-၀၅၅-၃၁၁၆၄နှင့် ဦးတင်အောင်ခိုင် (မန္တလေး) ဖုန်း-၀၉-၂၀၀၀၃၄၀ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။*

*(မြန်မာ့အလင်း)*

# ရေတာရှည် တပ်နယ်အတွင်း
## တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွန်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွန်းသည် တာဝန်ရှိသူများလိုက်ပါ၍ ဒီဇင်ဘာ ၃ရက် နံနက်ပိုင်းက ရေတာရှည်တပ်နယ် နယ်မြေခံ သင်တန်းကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တပ်ရင်းခန်းမ၌ သင်တန်းသားစစ်သည်များနှင့် တွေ့ဆုံသည်။

**ရင်းရင်းနှီးနှီးတွေ့ဆုံ**

ထို့နောက် နယ်မြေခံတပ်ရင်း တာဝန်ရှိသူတစ်ဦးထံ သင်တန်းသားစစ်သည်များအတွက် ချီးမြှင့်ငွေများပေးအပ်ခဲ့ပြီး သင်တန်းသားစစ်သည်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

တိုင်းမှူးသည် ဒီဇင်ဘာ ၄ရက်က တောင်ငူမြို့ ကေတုမတီ အောင်နန်းတံခါးရှေ့စုရပ်၌ကျင်းပသော ဒီဇင်ဘာ အားကစားလ(ပထမပတ်) လူထုလမ်းလျှောက်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

**စုပေါင်းလမ်းလျှောက်**

ရှေးဦးစွာ တိုင်းမှူးနှင့် ပါဝင်ဆင်နွှဲကြသူများသည် ကေတုမတီ အောင်နန်းတံခါးရှေ့စုရပ်မှ ရန်ကုန်-မန္တလေး ကားလမ်းအတိုင်း ခရိုင်အားကစားကွင်းသို့ စုပေါင်းလမ်းလျှောက်ကြပြီး စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




# ISO 9001: 2008 Certificate ပေးအပ်

ရန်ကုန် ဒီဇင်ဘာ ၉

**အင်္ဂလန်နိုင်ငံ UKAS အဖွဲ့အစည်းက ပေးအပ်ချီးမြှင့်သော ISO 9001:2008 (Quality Managemet System) လက်မှတ်ကို Redlink Communications Co., Ltd. သို့ ပေးအပ်ခြင်းအခမ်းအနားကို ဒီဇင်ဘာ ၇ရက် မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal Hotel ၌ ကျင်းပသည်။**

ISO 9001:2008 ပေးအပ်ပွဲ အခမ်းအနားတွင် Redlink Communications Co., Ltd. ဒါရိုက်တာ ဦးသိန်းသန်းတိုးက နှုတ်ခွန်းဆက်စကား ပြောကြားပြီး**(အပေါ်ပုံ)** မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဦးက ဂုဏ်ပြုချီးကျူးစကား ပြောကြားသည်။ ဆက်လက်ပြီး အင်္ဂလန်နိုင်ငံ UKAS အဖွဲ့အစည်း၏ မြန်မာပြည်ကိုယ်စားလှယ်SGS Myanmar Co., Ltd. အုပ်ချုပ်မှု ဒါရိုက်တာ ဦးကျော်တင်က ISO 9001:2008 (Quality Managemet System ) လက်မှတ်ကို Redlink Communications Co., Ltd. အထွေထွေ မန်နေဂျာ ဦးမိုးအောင် ထံ ပေးအပ်သည်။ အင်္ဂလန်နိုင်ငံ UKAS အဖွဲ့အစည်းမှ ချီးမြှင့်သည့် ISO 9001:2008 (Quality Managemet System) လက်မှတ်မှာ မြန်မာနိုင်ငံ၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ(ICT & Telecommunications Industry) ကဏ္ဍတွင် Redlink Communications Co., Ltd. သည်ပထမဦးဆုံးအဖြစ် ရရှိခဲ့သည်။ **(သတင်းစဉ်)**

## မြန်မာ-ဗီယက်နမ် စီးပွားရေးလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးမည်

*ရန်ကုန် ဒီဇင်ဘာ ၉*

*ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့်ဗီယက်နမ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ အဖွဲ့တို့သည် ဒီဇင်ဘာ ၁၃ရက် နံနက်၉နာရီခွဲတွင် ရန်ကုန်မြို့ရှိ UMFCCI Office Tower ၌ ကုန်ပစ္စည်းများနှင့် လုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးကြမည် ဖြစ်သည်။*

*အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင်များသည် နည်းပညာဆိုင်ရာလုပ်ငန်း၊ စက်ပစ္စည်း၊စတီးလ်ပစ္စည်း၊ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊လျှပ်စစ်ပစ္စည်း၊ ပလတ်စတစ်ပစ္စည်း၊ ဆေးပစ္စည်း၊စားသောက်ကုန်၊ပရိဘောဂ၊ လယ်ယာထွက်ကုန်၊ရေထွက်ပစ္စည်း၊ Export / Import လုပ်ငန်းနှင့်ခရီးသွား လုပ်ငန်းများကို အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့်ရောင်းဝယ်မှုပြုလုပ်နိုင်ရန် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ရာ ဆွေးနွေးပွဲတက်ရောက်လိုသည့်မြန်မာစီးပွားရေးလုပ်ငန်းရှင်များသည် UMFCCI Office Tower, IRD ဌာနနှင့်ဖုန်း-၂၁၄၃၄၄ မှ ၂၁၄၃၄၉ တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။ (သတင်းစဉ်)*



# ဒီဇင်ဘာ အားကစားလ စုပေါင်းလမ်းလျှောက်

**ပခုက္ကူ ဒီဇင်ဘာ ၉**

မကွေးတိုင်းဒေသကြီး ပခုက္ကူ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ဒီဇင်ဘာလ စုပေါင်းလမ်းလျှောက် ပွဲကို ဒီဇင်ဘာ ၄ရက်နံနက် ၅နာရီခွဲက ပခုက္ကူမြို့၌ကျင်းပရာ မြို့လူထုစုပေါင်း၍ မြို့မလမ်းလွတ်လပ်ရေးပန်းခြံမှ ခရိုင် အားကစားကွင်းသို့ စုပေါင်းလမ်း လျှောက်ကြသည်။

**(အပေါ်ပုံ)**

အဆိုပါ စုပေါင်းလမ်းလျှောက် ပွဲသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလွင်ကိုဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်နိုင်ဦးနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ရပ်ကွက် ဥက္ကဋ္ဌများနှင့် ပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၂၄၃ ဦး တက်ရောက် စုပေါင်းလမ်းလျှောက်ကြပြီး ခရိုင်အားကစားကွင်း၌ ကိုယ်ကာယ ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ စုပေါင်း ဆောင်ရွက်ကြသည်။ **(ဝ၇ဝ)**

**ဒီဇင်ဘာ ၁ရက်က (၉၀)ပြည့် နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို ရေးမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပရာ အမျိုးသားနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသူတစ်ဦးအား မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးထွန်းနိုင်ဝင်း ဆုချီးမြှင့်စဉ်။**

(မြို့နယ် ပြန်/ဆက်)



# Champion Construction Materials Mall(Nay Pyi Taw)
## အရောင်းခန်းမသစ်ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၉**

Champion Construction Materials Co., Ltd. (Member of Naing Group) ၏ Champion Construction Materials Mall (Nay Pyi Taw) အရောင်းခန်းမသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၅ရက် နံနက် ၈နာရီက နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် ပေါင်းလောင်း(၂)ရပ်ကွက် ရာဇဌာနီ လမ်းပေါ်ရှိ အဆိုပါအရောင်းခန်းမရှေ့၌ကျင်းပရာ ရှေးဦးစွာ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးလှသိန်းဆွေနှင့် ဦးတင့်ဆွေ၊ Naing Group ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် ဒုတိယဥက္ကဋ္ဌ ဦးဇော်နိုင်ဦးတို့က အရောင်းခန်းမသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး Champion Construction Materials Mall(Nay Pyi Taw) ဆိုင်းဘုတ်ကို ဒုတိယဝန်ကြီးဦးတင်ထွေက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

**တင်သွင်းဖြန့်ဖြူး**

ယခုဖွင့်လှစ်သည့် Champion Construction Materials Mall(Nay Pyi Taw) ၌ ခိုင်ခံ့သပ်ရပ်လှပ ခေတ်မီဆန်းသစ်သည့် Stainless Steel Door, Steel Sink, Plastic Tank, Shower Enclosure, Bathtub, Hand Spray, Bathroom Accessory နှင့် Steel Wooden, Solid Wood, Melamine အစရှိသည့် Interior Door အမျိုးမျိုး၊ Asia Brand Image အမြင့်မားဆုံး ရရှိထားသည့် Decobay Shower Cabin များ၊ ကမ္ဘာ့အဆင့်မီ Johnsen Suisse Toilet & Basin များ၊ Steel Security Door, Toilet & Basin, High Quality Tap Ware များနှင့် ထိုင်းနိုင်ငံတွင် ထုတ်လုပ်သော Steel Tank များကိုပါ တင်သွင်းဖြန့်ဖြူး ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**ဖွင့်လှစ်ရောင်းချပေး**

Champion ၏ ဆောက်လုပ်ရေးသုံး အိမ်အလှဆင်နှင့် ရေချိုးခန်းသုံး ပစ္စည်းများကို ဈေးနှုန်းချိုသာစွာ ဝယ်ယူအသုံးပြုနိုင်ရန် နေပြည်တော်၌ အမှတ် ၃၀/၅၉ ရာဇဌာနီလမ်း ပေါင်းလောင်း(၂)ရပ်ကွက် ပျဉ်းမနားမြို့နယ် ဖုန်း-၀၆၇-၂၅၃၀၉၊ ၂၁၄၂၆၊ ၀၉-၄၉၂၄၄၃၁၅ ၌ လည်းကောင်း၊ ရန်ကုန်မြို့၌ Show Room I ကို အမှတ် ၂ မိုးကောင်းလမ်း စကားဝါအိမ်ရာ ရန်ကင်းမြို့နယ် ဖုန်း- ၀၁-၄၀၀၅၆၃၊ ၄၀၀၅၆၄၊ ၄၀၀၅၆၂၊ ၄၀၀၅၆၅နှင့် Show Room II ကို အမှတ် ၄၀၈ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ဖုန်း ၀၁-၂၀၀၂၉၀ တို့၌လည်းကောင်း၊ မန္တလေးမြို့၌ အမှတ် ၂၅၅၊ ၃၅လမ်း လမ်း ၈၀ နှင့် ၈၁လမ်းကြား ရတနာဘူမိ(အရှေ့အရပ်) မဟာအောင်မြေမြို့နယ် ဖုန်း-၀၂-၇၂၇၀၃၊ ၉၁၀၀၈၁၉၇၊ ၉၁၀၂၅၇၉၂ ၌ လည်းကောင်း အရောင်းခန်းမများ ဖွင့်လှစ်ရောင်းချပေးလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



**ဖယ်ခုံမြို့ သွေးလွန်တုပ်ကွေး ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ မြို့မဈေးအတွင်း နိုဝင်ဘာ ၁၂ရက်က ခြင်ဆေးဖျန်းခြင်းကို အမှုဆောင်အရာရှိ ဦးဝင်းဖေနှင့် မြို့နယ်ကျန်းမာရေးဦးစီးမှူး ဦးကျော်ကျော်ဦးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

# နိုဝင်ဘာလအတွင်း မူးယစ်ဆေးဝါး ၁၉၈ မှု ဖမ်းဆီးခဲ့
## တရားခံ ၃၁၃ဦးတို့အား အမှုဖွင့်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၉**

၂၀၁၀ ခုနှစ် နိုဝင်ဘာလအတွင်း တာဝန်ရှိသူများသည် မူးယစ်ဆေးဝါး အမှုပေါင်း ၁၉၈မှုဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၂၁မှု(အလေးချိန် ၃၈ ဒသမ ၃၄၁၄၄ ကီလို)၊ ဘိန်းဖြူမှု ၈၀(အလေးချိန် ၁ ဒသမ ၇၈၃၇၃၅ကီလို)၊ ဘိန်းဆီ ၁၁မှု (အလေးချိန် ၀ ဒသမ၅၂၈၅၈ ကီလို)၊ အဆင့်နိမ့်ဘိန်း ၁၈မှု(အလေးချိန် ၁၂ ဒသမ ၇၅၈၉ကီလို)၊ဆေးခြောက်ခြောက်မှု(အလေးချိန် ၆ဒသမ ၀၄၅၆ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၃ မှု(၁၁၁၇၄၉ ပြား)၊ ဘိန်းစာမှုန့် ငါးမှု(အလေးချိန် ၁၂ ဒသမ ၀၀၄ကီလို)၊ အက်ဖီဒရင်း တစ်မှု(အလေးချိန် ၀ ဒသမ ၉၄၇၁ကီလို) ဆူဒိုအက်ဖီဒရင်း တစ်မှု(၄၀၀ ကီလို)၊ မှတ်ပုံတင်ပျက် တစ်မှု၊ အခြားအမှုတစ်မှု ဖမ်းဆီးရမိခဲ့သည်။ အမှုပေါင်း ၁၉၈မှုဖမ်းဆီးခဲ့ရာတွင် တရားခံ ကျား ၂၅၁ဦး၊ မ ၆၂ဦး စုစုပေါင်း ၃၁၃ဦးတို့ကို ဥပဒေအရ အရေးယူခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

# ပနားမားတူးမြောင်း မိုးသည်းထန်၍ ပိတ်ထားရ

**ပနားမားစီးတီး ဒီဇင်ဘာ ၉**

ပစိဖိတ်နှင့် အတ္တလန္တိတ်သမုဒ္ဒရာနှစ်ခုအကြား ဆက်သွယ်ထားသည့် ပနားမားတူးမြောင်းကို မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ယာယီပိတ်ထားရကြောင်း ဒီဇင်ဘာ ၈ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

**ပိတ်ထား**

မိုးရေများသည် တူးမြောင်းအတွင်း အရှိန်အဟုန်ဖြင့် စီးဆင်းနေကြောင်း၊ ယင်းမှာ သင်္ဘောများသွားလာရေးအတွက် အန္တရာယ်ဖြစ်စေနိုင်ကြောင်း၊ ထို့ကြောင့် ယာယီပိတ်ထားကြောင်း ပနားမားတူးမြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပနားမားတူးမြောင်းကို **(ယာပုံ)** ၁၉၈၉ခုနှစ်တွင် အမေရိကန်က ပနားမားသို့ ကျူးကျော်တိုက်ခိုက်ခဲ့ပြီးနောက် ယခုပထမဆုံးအကြိမ် ပိတ်ခဲ့ခြင်းဖြစ်သည်။ ၎င်းတူးမြောင်းသည် နှစ်စဉ်သင်္ဘော ၁၄၀၀၀ခန့် ဖြတ်သန်းသွားလာနေသည့် တူးမြောင်းဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**



# ဆိုမာလီလူမျိုးစုများ အချင်းချင်းတိုက်ခိုက် ၃၅ဦးသေဆုံးပြီး ၄၀ဒဏ်ရာရ

**မိုဂါဒစ်ရှူး ဒီဇင်ဘာ ၉**

ဆိုမာလီနိုင်ငံတောင်ပိုင်းတွင် ပြိုင်ဘက်လူမျိုးစုများအကြားဖြစ်ပွားသည့် တိုက်ခိုက်မှုများကြောင့် အနည်းဆုံး ၃၅ဦးသေဆုံးပြီး ၄၀ဒဏ်ရာရရှိကြောင်း အင်တာနက်သတင်းတွင် ဒီဇင်ဘာ ၈ရက်က ဖော်ပြပါရှိသည်။

**ပါဝင်**

လွန်ခဲ့သည့် ရက်သတ္တပတ် အနည်းငယ်အတွင်း ဖြစ်ပွားခဲ့သည့် လူမျိုးစုပဋိပက္ခကြောင့် ထိခိုက်ဒဏ်ရာရသူဦးရေ ရုတ်တရက် များပြားလာကြောင်း၊ အများစုမှာ ကလေးငယ်များနှင့် အမျိုးသမီးများပါဝင်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

**ရင်ဆိုင်**

ပန့်တလင်းမှလူမျိုးစုနှင့် ဂါမူဒတ်မှလူမျိုးစုတို့သည် ဂါလ်ကာယိုနှင့် အနီးပတ်ဝန်းကျင်ဒေသများတွင် ယှဉ်တွဲနေထိုင်ကြသည်။ သို့သော် လယ်ယာမြေပိုင်ဆိုင်ရေးနှင့် တကွ ရေအရင်းအမြစ်သုံးစွဲမှုဝေရေးတို့တွင် မုန်းတီးမှုများနှင့် ရင်ဆိုင်ကြရသည်။

ဆိုမာလီသမ္မတ ရှိတ်ရှာရစ်ဖ်အာမက်က လူမျိုးစုပဋိပက္ခ ငြိမ်းချမ်းရေး၊ အချင်းချင်းညီညွတ်ရေး ကြိုးပမ်းသော်လည်း မိုဂါဒစ်ရှူးမြို့တော် နေရာအနှံ့နှင့် နိုင်ငံဒေသအများအပြားမှာ လူမျိုးစုများ၏ ထိန်းချုပ်မှုအောက်တွင် ရှိနေသည့်အတွက် သမ္မတ၏ကြိုးပမ်းမှုမှာ များစွာမထိရောက်ဟု ဆိုသည်။ **(အင်တာနက်)**



ဥရောပကော်မရှင်ဥက္ကဋ္ဌ ဟိုဆေးမင်ညူရယ်ကာရိုဆို

# ဒဗလျူတီအို ရုရှားဝင်ရေး ဥရောပသမဂ္ဂထောက်ခံ

ဘရပ်ဆဲလ် ဒီဇင်ဘာ ၉

**ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)သို့ ဝင်ရောက်ရေး ရုရှားနိုင်ငံ၏ကြိုးပမ်းမှုကို ဥရောပသမဂ္ဂ (အီးယူ)က ထောက်ခံခဲ့ပြီးနောက် ၂၀၁၁ခုနှစ်အတွင်း ဒဗလျူတီအိုသို့ ဝင်ရောက်နိုင်မည်ဟူသော ရုရှားနိုင်ငံ၏ မျှော်လင့်ချက်မှာ သိသိသာသာ တိုးတက်ကြီးမားလာကြောင်း အင်တာနက်သတင်းတွင် ဒီဇင်ဘာ ၈ရက်က ပါရှိသည်။**

**ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ ဒီဇင်ဘာ ၇ရက်က ဥရောပသမဂ္ဂနှင့် ရုရှားထိပ်သီးအစည်းအဝေး မကျင်းပမီ နာရီပိုင်းအလိုတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(ဒဗလျူတီအို)သို့ ဝင်ရောက်ရေး ရုရှားအစိုးရ၏ ကြိုးပမ်းမှုကို ထောက်ခံသည့် နားလည်မှုစာချွန်လွှာကို ဥရောပ ကုန်သွယ်ရေး မဟာမင်းကြီး ကာရဲဒီဂတ်စ်နှင့် ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး အယ်ဗီရာနာဘူလီနာတို့ လက်မှတ်ရေးထိုးလိုက်ကြသည်။**

**နှစ်ဦးနှစ်ဖက် ကုန်သွယ်ရေးဆိုင်ရာကိစ္စများကို ဖြေရှင်းရန် သဘောတူပြီးနောက် ရရှိသည့်သဘောတူညီချက်ကို ဥရောပကော်မရှင်ဥက္ကဋ္ဌ ဟိုဆေးမင်ညူရယ်ကာရိုဆိုက ကြိုဆိုလိုက်သည်။ ယင်းမှာ အရေးပါသည့် သမိုင်းဝင် မှတ်တိုင်တစ်ခုဖြစ်သည်ဟု ယုံကြည်ကြောင်း ၎င်းက ထည့်သွင်းပြောကြားသည်။** (အင်တာနက်)

# ကန်တပ်ဖွဲ့ဝင်များ မထင်မှတ်သည့်တိုက်ပွဲများဖြင့် ရင်ဆိုင်နေရ

***ကဘူးလ် ဒီဇင်ဘာ ၉***

*အမေရိကန် တပ်ဖွဲ့ဝင်များအနေဖြင့် အာဖဂန်နစ္စတန်နိုင်ငံ၌ မထင်မှတ်သောတိုက်ပွဲများဖြင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း ဆိုင်းမဆင့်ဗုံမဆင့် အာဖဂန်နစ္စတန်သို့ ရောက်ရှိလာသည့် အမေရိကန်ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်က ပြောကြားလိုက်သည်။*

*အမေရိကန်ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်သည် ပါကစ္စတန်နယ်စပ်အနီး အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ကူနာပြည်နယ်သို့ ဒီဇင်ဘာ ၈ရက်က ရောက်ရှိလာသည်။ နောက်တစ်နေ့တွင် ဝန်ကြီး ဂိတ်သည် အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းနှင့် တွေ့ဆုံမည်ဖြစ်သည်။*

*နယ်စပ်တစ်လျှောက်ရှိ ပုန်းခိုရာနေရာများကို လက်နက်ကိုင်များက မှီခိုအားထားနေခြင်းအတွက် အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များအတွက် မထင်မှတ်သော တိုက်ပွဲများဖြင့် ရင်ဆိုင်နေရလျက်ရှိကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီး ဂိတ်က သတင်းထောက်များအား ပြောကြားလိုက်သည်။*

*ဤအခြေအနေတွင် ပါကစ္စတန်နိုင်ငံ၏ အခန်းကဏ္ဍ၊ ပါကစ္စတန်လူမျိုးစုများဒေသမှ အကြမ်းဖက်မှု လျော့ပါးရေးအလားအလာများကိုလည်း ဝန်ကြီးဂိတ်က မေးခွန်းများထုတ်လိုက်သည်။* ***(အင်တာနက်)***

# ဘင်္ဂလားဒေ့ရှ်၌ ရထားခေါင်းချင်းဆိုင်တိုက်၊ ၂၁ ဦးသေဆုံး၊ ၅၀ဒဏ်ရာရ



**ဒါကာ ဒီဇင်ဘာ ၉**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဒီဇင်ဘာ ၈ရက်က ရထားခေါင်းချင်းဆိုင် တိုက်မိခဲ့ရာ အနည်းဆုံး ၂၁ဦးသေဆုံးပြီး ၅၀ဒဏ်ရာရရှိသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **(ဓာတ်ပုံ)**

**ဝင်တိုက်ခဲ့**

အဆိုပါ ရထားတိုက်မှုသည် မြို့တော်ဒါကာမှ အရှေ့မြောက်ဘက် ၃၅မိုင်အကွာ နာစင်းဒီဘူတာ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ခရီးသည်ရထားတစ်စင်းက အခြားရပ်ထားသော ခရီးသည်ရထားကို ဝင်တိုက်ခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာရုပ်မြင်သံကြားသတင်း၌ ထုတ်လွှင့်ခဲ့သည်။

ယင်းရထားတိုက်မှုကြောင့် ရထားတွဲသုံးတွဲမှာ ဆိုးဆိုးရွားရွား ပျက်စီးသွားခဲ့ကြောင်း၊ သေဆုံးသူအရေအတွက်မှာလည်း ထပ်မံတိုးပွားလာနိုင်ကြောင်း ကယ်ဆယ်ရေးအဖွဲ့က ပြောကြားသည်။ ၎င်းမီးရထားတိုက်မှုဖြစ်စဉ်နှင့်ပတ်သက်ပြီး အမြန်ဆုံး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ **အမ်အန်င်အေ၊ရိုက်တာ**

# ဂါဇာကမ်းမြောင်ကို အစ္စရေးပိတ်ဆို့မှု ရုပ်သိမ်းပေးရန် တူရကီဝန်ကြီးတိုက်တွန်း

***အစ္စတန်ဘူ ဒီဇင်ဘာ ၉***

*ဂါဇာကမ်းမြောင်ကို ပိတ်ဆို့ထားမှုနှင့်စပ်လျဉ်း၍ တူရကီဝန်ကြီးချုပ် အာဒိုဂန်က အစ္စရေးအားဝေဖန်လိုက်ပြီး ပိတ်ဆို့မှုရုပ်သိမ်းပေးရန် တူရကီပါလီမန်တွင် ဒီဇင်ဘာ ၈ရက်က တိုက်တွန်းပြောကြားလိုက်သည်။*

*တူရကီ ကိုးဦး သေဆုံးခဲ့ရသည့် ဂါဇာကမ်းမြောင်ရှိ ထောက်ပံ့ရေးသင်္ဘောများအား နိုင်ငံတကာရေပိုင်နက်အတွင်း အစ္စရေးကွန်မန်ဒိုများ တိုက်ခိုက်ခဲ့မှုနှင့်စပ်လျဉ်း၍ အစ္စရေးက တောင်းပန်သင့်ကြောင်း ဝန်ကြီးချုပ် အာဒိုဂန်က ထပ်မံပြောကြားလိုက်သည်။*

*သမိုင်းစာမျက်နှာသစ် ဖွင့်လှစ်လိုလျှင် အတိတ်က ကျူးလွန်ခဲ့သည့်ပြစ်မှုကို ပထမဆုံး ဝန်ခံရမည်ဖြစ်ကာ ယင်းကိစ္စအတွက် တောင်းပန်ပြီး လျော်ကြေးပေးရမည်ဟုလည်း ဝန်ကြီးချုပ် အာဒိုဂန်က ပြောကြားသည်။*

***(အင်တာနက်)***

# ဟစ်ဇ်ဘိုလာတို့တွင် ဒုံးကျည်ငါးသောင်းပိုင်ဆိုင်ထား

**ဝါရှင်တန် ဒီဇင်ဘာ ၉**

ဟစ်ဇ်ဘိုလာတိုက်ခိုက်ရေးသမားများတွင် ဒုံးကျည်အလုံးပေါင်း ငါးသောင်းပိုင်ဆိုင်ထားသည်ဟု အမေရိကန်တို့ ယုံကြည်ထားကြောင်း၊ ယင်းအတွက် အစ္စရေးနိုင်ငံနှင့် ပဋိပက္ခဖြစ်လာမည်ကို စိုးရိမ်မကင်းဖြစ်ရကြောင်း နယူးယောက်တိုင်း(မ်) သတင်းစာက ဒီဇင်ဘာ ၇ရက်၌ ရေးသားဖော်ပြထားသည်။

ဝီကီလိခ်အင်တာနက် စာမျက်နှာများမှတစ်ဆင့် ထိပ်တန်းသံတမန်လျှို့ဝှက်သတင်းများ ပေါက်ကြားခဲ့ပြီးနောက် ဟစ်ဇ်ဘိုလာတို့အနေဖြင့် လက်တုံ့ပြန်မည်ကို စိုးရိမ်မိကြောင်း ပင်တဂွန်တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကားလျက် နယူးယောက်တိုင်း(မ်)သတင်းစာက ကိုးကားဖော်ပြထားသည်။

ဟစ်ဇ်ဘိုလာတို့အနေဖြင့် ယင်းဒုံးကျည်များကို ဆီးရီးယားတို့ထံမှ ရရှိသည်ဟု ဝီကီလိခ်စာမျက်နှာက ဖွင့်ချခဲ့သည်။

ဟစ်ဇ်ဘိုလာတို့ပိုင်ဆိုင်ထားသော ဒုံးကျည်မှာ အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့နှင့် နေရာအတော်များများကို ပစ်ခတ်နိုင်စွမ်းရှိသည်ဟုဆိုသည်။ ဟစ်ဇ်ဘိုလာနှင့်အစ္စရေးတို့သည် ၂၀၀၆ခုနှစ်က စတင်၍ စစ်ပွဲဖြစ်ပွားခဲ့ရာ လက်ဘနွန်ပြည်သူ ၁၂၀၀ကျော် သေဆုံးခဲ့ပြီး အများစုမှာ အရပ်သားများဖြစ်ကြသည်။ ယင်းစစ်ပွဲတွင် အစ္စရေးတို့ ဘက်မှ လူပေါင်း ၁၆၀သေဆုံးခဲ့သည်။ **(အင်တာနက်)**



❒ *ရှေ့ဖုံးမှ*

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ ဘုတ်ပြင်းမြို့နယ် ပုလဲကျွန်းသို့ရောက်ရှိပြီး မြန်မာ့ပုလဲထုတ်လုပ်ရေးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့်တွေ့ဆုံ၍ ဒိုမယ်ကျွန်းရှိ ပုလဲထုတ်လုပ်ရေးလုပ်ငန်း၌ ပုလဲမွေးမြူထားရှိမှုအခြေအနေများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဇဟန်းမြို့နယ် ရွှေတောင်ကြား ကမ္ဘာအေးဘုရားလမ်း အမှတ် ၁၂၃ နေ ဒုတိယဗိုလ်မှူးကြီးကေလားမား နှစ်နှစ်ပြည့်အား ရည်စူး၍ ဇနီး ဒေါ်တင်တင်အုံးနှင့် သားသမီးများက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီး ပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ)ဇဟိုသို့ ငွေကျပ်နှစ်သိန်း လှူဒါန်းရာ နာယက ဗိုလ်မှူးချုပ် အောဘယ်လ်(ငြိမ်း) လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)



## ကျောင်းကုန်း အထက(၁) အာစရိယပူဇော်ပွဲကျင်းပ

**ကျောင်းကုန်း ဒီဇင်ဘာ ၉**

ကျောင်းကုန်း အထက(၁) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၂၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပညာရေးစေတနာရှင် ဂါဒီယန် ဦးစိန်ဝင်းအား ဂါရဝပြုပူဇော်ပွဲကို ဒီဇင်ဘာ ၁ရက် (အမျိုးသားနေ့) မွန်းလွဲ ၁နာရီက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ အထက(၁) အစည်းအဝေးခန်းမ၌ ကျင်းပရာ အပူဇော်ခံ ဆရာ ဆရာမကြီး ၈၆ဦးတို့အား ပူဇော်ကန်တော့၍ အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းကြပြီး အပူဇော်ခံ ဆရာ ဆရာမကြီးများကိုယ်စား ဆရာကြီး ဦးထွန်း၊ ဦးအောင်ကြွယ်၊ ဦးကျော်ငြိမ်း၊ ဆရာမကြီး ဒေါ်ညွန့်ယဉ်၊ ဒေါ်သန်းနုတို့က ဩဝါဒစကားပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

ဆက်လက်ပြီး ပူဇော်ပွဲနှင့်ပတ်သက်၍ ဦးစီးကျင်းပရေးကော်မတီ၏ တင်ပြချက်ကို ဦးစီးကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးသာရွှေ၊ ရန်ကုန်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးလေးမောင်နှင့် အတွင်းရေးမှူး ဦးအေးသန်းတို့က ဖတ်ကြားတင်ပြပြီး ရသုံးငွေစာရင်းရှင်းလင်းခြင်း၊ ထာဝရငွေပဒေသာပင် စိုက်ထူခြင်းနှင့် ပတ်သက်၍ ဘဏ္ဍာရေးမှူး ဦးသန်းမြင့်က ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(၁၅၄)

## ကိုယ်ကာယကြံ့ခိုင်မှု သင်တန်း သံဖြူဇရပ်၌ဖွင့်

**သံဖြူဇရပ် ဒီဇင်ဘာ ၉**

သံဖြူဇရပ်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ မြို့နယ်အမျိုးသမီးအားကစားအဖွဲ့က ဖွင့်လှစ်သည့် ကောင်းကင်စံ အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှု သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂ရက် မွန်းလွဲပိုင်းက သံဖြူဇရပ်မြို့နယ်အားကစားကွင်း မိုးလုံလေလုံခန်းမ၌ ကျင်းပသည်။



### ဖွင့်လှစ်ပေး

သင်တန်းဖွင့်ပွဲ အစီအစဉ်အရ ကောင်းကင်စံ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုသင်တန်း ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့အတွင်းရေးမှူး ဒေါ်မြဆန်းက ရှင်းလင်းတင်ပြပြီး ကိုယ်ကာယကြံ့ခိုင်မှု သင်တန်းကို မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းစန်းလွင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ရီရီသောင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

ထို့နောက် ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများက လေ့ကျင့်ရေးစက်ခန်းနှင့် သင်တန်းသူများ လေ့ကျင့်နေမှုကို လေ့လာကြည့်ရှုခဲ့ကြကြောင်းသိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## လေအေးပေးစက်များ ရောင်းချမည်



**ရန်ကုန် ဒီဇင်ဘာ ၉**

AUX တံဆိပ်ပါ တရုတ်နိုင်ငံလုပ် လေအေးပေးစက်များကို မြန်မာနိုင်ငံ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် United Asia Co., Ltd. အမှတ် ၂၂၅ အနော်ရထာလမ်းနှင့် လှည်းတန်းလမ်းကြား ၁၁လမ်းထိပ် လမ်းမတော်မြို့နယ် ရန်ကုန်မှ ဖြန့်ချိမည်ဖြစ်သည်။

### ဖွင့်လှစ်ရောင်းချ

အဆိုပါ လေအေးပေးစက်များသည် စွမ်းအင်ချွေတာသည့် Dual-Rotor Compressor ပါဝင်သောကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီစေသည့် လေအေးပေးစက်များဖြစ်သည့်အပြင် အရည်အသွေးမြင့် ပစ္စည်းများကို အသုံးပြုထားရုံသာမက ဈေးနှုန်းသက်သာစွာဖြင့် ၂၀၁၀ နိုင်ငံတကာ ကုန်စည်ပစ္စည်းဈေးရောင်းပွဲတော် (ရန်ကုန်) တပ်မတော်ခန်းမ၌ ဒီဇင်ဘာ ၉ရက်မှ ၁၂ရက်အထိ အရောင်းပြခန်း ဖွင့်လှစ်ရောင်းချမည်ဟု သိရသည်။

မြန်မာနိုင်ငံတွင် ပထမဦးဆုံး လေးနှစ်အာမခံဖြင့် ရောင်းချပေးနေသော AUX တံဆိပ်လေအေးပေးစက်များတွင် Auto Restart System ပါရှိခြင်း၊ အအေးနှုန်းလျင်မြန်ခြင်း၊ အအေးခန်းဧရိယာပိုမို ကျယ်ပြန့်ခြင်း၊ Digital Display ပါရှိခြင်း၊ 4-Way System Air. Flow ပါရှိခြင်း၊ Japanese Branded Compressor များကို အသုံးပြုထားခြင်း၊ Japanese Branded Circuit များကို အသုံးပြုထားခြင်း၊ အရည်အသွေးမြင့် ပစ္စည်းများကို အသုံးပြုထားခြင်းကြောင့် Long Time Quaity ဖြစ်ခြင်းတို့ကြောင့် ဝယ်ယူလိုပါက ဖုန်း-၀၁-၂၁၀၈၃၄၊ ၀၁-၂၁၈၀၂၁နှင့် ဖက်စ်-၀၀၉၅-၁-၂၂၈၃၈၄တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မိုးစပါးအထွက်နှုန်း မှန်ကန်ရေးအတွက် ချမ်းမြသာစည်မြို့နယ်၌ စံကွက်ရိတ်သိမ်း

**မန္တလေး ဒီဇင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် ချမ်းမြသာစည်မြို့နယ်တွင် မိုးစပါးအထွက်နှုန်းမှန်ကန်စေရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် စပါးစံကွက်ရိတ်သိမ်းခြင်းလုပ်ငန်းကို မြရည်နန္ဒာရပ် ကွင်းအမှတ်(၅၃၇) တောင်သူဦးမြင့်ဦး၏ မနောသုခစပါး ခုနစ်ဧကတွင် ဒီဇင်ဘာ ၆ရက်က ကျင်းပသည်။ **(အောက်ပုံ)**

### ရိတ်သိမ်း

အဆိုပါ ရိတ်သိမ်းရာသို့ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးသိန်းထွန်းဇော်၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးမျိုးခိုင်၊ ဝန်ထမ်းများနှင့်တောင်သူများ ပါဝင်ရိတ်သိမ်းကြပြီး မိုးစပါးတစ်ဧက ၁၀၅ ဒသမ၄၅တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။ **(မြို့နယ်မြေစာရင်း)**



**နတ်မောက် ဒီဇင်ဘာ ၉**

## မိုးစပါးအထွက်နှုန်းမှန်ကန်ရေး နတ်မောက်၌ စံကွက်ရိတ်သိမ်း

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန မကွေးတိုင်းဒေသကြီးမြေစာရင်းဦးစီးဌာန ဒုတိယတိုင်း မြေစာရင်းဦးစီးမှူး ဦးအောင်ဆွေ၊ မကွေးခရိုင် မြေစာရင်းဦးစီးဌာနမှူး ဦးသိန်းလွင်၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးမောင်ကောင်းတို့သည် နတ်မောက်မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှု အဖွဲ့ဝင်များနှင့်အတူ နိုဝင်ဘာ၂၈ရက်က နတ်မောက်မြို့နယ် နကျားဆူးကျေးရွာအုပ်စု ကွင်းအမှတ် (၄၇၀-က) ဆေးပုလဲအနောက်၊ ဦးပိုင်အမှတ် (၂၈)မှ တောင်သူဦးအုန်းသာ၏ ရွှေသွယ်ရင်စပါး ၁ဒသမ၅၉ဧကရှိ လယ်မြေကွက်သို့ သွားရောက်ပြီး မိုးစပါးအထွက်နှုန်း မှန်ကန်ရေးအတွက် စံကွက်ရိတ်သိမ်းကြသည်။

### ထွက်ရှိ

ထိုသို့ ရိတ်သိမ်းရာတွင် ခြောက်သွေ့ပြီး စပါးတစ်ဧကအထွက်နှုန်း ၆၉ ဒသမ၇၀ တင်း ထွက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**ဟိုပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေးအတွက် လမ်းဘေးကပ်တုံးများဆေးသုတ်နေမှုကို ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် နိုဝင်ဘာ ၂၈ရက်က ကြည့်ရှုစစ်ဆေးရာ မြို့နယ်တာဝန်ခံ ဦးမျိုးဌေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဇင်နိုင်မြင့်တို့ ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)



## အလေးမအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အလေးမပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၉**

မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်က ကြီးမှူး၍ နေပြည်တော်ခရိုင် အားကစားနှင့် ကာယပညာကော်မတီက ကျင်းပမည့် မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား (Inter Club) အလေးမပြိုင်ပွဲကို ၂၀၁၁ခုနှစ် ဇန်နဝါရီ ၃ရက်မှ ၄ရက်အထိ နေပြည်တော်ခရိုင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

### ကျင်းပ

အဆိုပါ အလေးမပြိုင်ပွဲသည် မြန်မာအလေးမအားကစား တိုးတက်လာစေရေး၊ ဒေသတွင်းလူငယ်များ အလေးမအားကစားကို စိတ်ပါဝင်စား၍ ကိုယ်တိုင်ပါဝင်လှုပ်ရှားလာစေရေးနှင့် အလေးမ အားကစား ကျယ်ပြန့်စွာ ဖြစ်ထွန်းလာစေရေး စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပမည်ဖြစ်သဖြင့် အသက် ၂၀အောက် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများနှင့် အသက် ၁၇နှစ်အောက် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများကိုပါ ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတစ်မျိုးတွင် ကိုယ်အလေးချိန် အတန်းလေးတန်းစီ ကျင်းပသွားမည်ဖြစ်သည်။

### ဖိတ်ကြားထား

ယင်းပြိုင်ပွဲသို့ ပျဉ်းမနား၊ မြောင်းမြနှင့် ပုသိမ်မြို့တို့ရှိ ဒေသဆိုင်ရာ အလေးမလေ့ကျင့်ရေးစခန်းများ၊ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)နှင့် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)တို့မှ အလေးမ အသင်းများအား ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## တနိုင်းချောင်း ကျောက်စီမြေထိန်းနံရံ တည်ဆောက်

**တနိုင်း ဒီဇင်ဘာ ၉**

တနိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တနိုင်းချောင်း ကျောက်စီမြေထိန်းနံရံ တည်ဆောက်နေမှုကို နိုဝင်ဘာ ၂၀ရက်က အမှုဆောင်အရာရှိ ဦးဝင်းမြတ်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဇော်ဦးတို့ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

# သက်ရှည်ကျန်းမာ လမ်းလျှောက်ပါ

"အာရောဂျ၊ ပရမာ၊ လာဘာ" ဟူသည့် စကားအတိုင်း ကျန်းမာခြင်းသည် လူတိုင်းအတွက် အဖိုးထိုက်တန်သည့် လာဘ်ကြီးတစ်ပါးဖြစ်ပြီး ၄င်း အဖိုးထိုက်တန်၊ အမြတ်နိုးဆုံးဖြစ်သည့် "ကျန်းမာခြင်း"လာဘ်ကို ရယူနိုင်ရေးအတွက် ကျန်းမာစေသည့် အနေအထိုင်၊ အစားအသောက်၊ အလေ့အကျင့်၊ အပြုအမူများ လိုအပ်ပါသည်။ ယင်းသို့ ကျန်းမာရေးနှင့် ပြည့်စုံကာ အသက်ရှည်ရာအနာမဲ့ကြောင်း နည်းလမ်းကောင်းများနှင့်စပ်လျဉ်းပြီး မျှတသော အစာကို စားသောက်ခြင်း၊ ကြေကျက်လွယ်သော အစာအာဟာရကိုသာ စားသောက်လေ့ရှိခြင်း၊ မိမိဝမ်းမီးနှင့် သင့်လျော်သော အာဟာရကိုစားသောက်ခြင်း၊ သီလဖြစ်စေ၊ ဥပုသ်သီလဖြစ်စေ စောင့်ထိန်းခြင်း၊ မိမိအကျိုးကို ဆောင်တတ်ကုန်သော မိတ်ကောင်းဆွေမွန်ရှိခြင်း၊ အချိန်ကာလဒေသကို လိုက်လျောညီထွေစွာ ပြုမူနေထိုင်ခြင်း၊ မမြတ်သောကာမဂုဏ်၊ မေထုန်အမှုတို့မှ ရှောင်ကြဉ်ခြင်း စသည့်အချက်တို့ကို မှတ်သားဖူးပါသည်။

အသက်ရှည်ရာအနာမဲ့ကြောင်း နည်းလမ်းကောင်းများတွင်ပါဝင်သည့် ကြေကျက်လွယ်သော အစာအာဟာရကိုသာ စားသောက်ခြင်းနှင့်စပ်လျဉ်း၍ **သဗ္ဗရောဂါနံ အာဇိဏ္ဏကာံ** ဟု ဆိုရိုးရှိပါသည်။ ရောဂါအားလုံး၏ ဇာစ်မြစ်သည် အစာမကြေခြင်းက စတင်သည်ဟု အဓိပ္ပာယ်ရပါသည်။ ယင်းသို့ အစာကြေရန်အတွက် အစာကိုကြေညက်အောင် ဝါးစားရန် လိုအပ်သကဲ့သို့ စနစ်တကျ အချိန်မှန်မှန်လမ်းလျှောက်တတ်သည့် အလေ့အကျင့်ပြုလုပ်ပေးရန်လည်း လိုအပ်ပါသည်။

အနာရောဂါများ အလွယ်တကူ မဝင်ရောက်စေရန်၊ ကျန်းမာသန်စွမ်းစေရန်၊ အနာကင်း၍ အသက်ရှည်စေရန် ဆောင်ရွက်ဖွယ်များစွာရှိသည့် အနက် အထူးအရေးပါသည့်အချက်မှာ နေ့စဉ် အချိန်မှန် လမ်းလျှောက်သည့် အလေ့အကျင့်ပင်ဖြစ်ပေ၏။ အဆိုပါ လမ်းလျှောက်ခြင်းကို တာဝန်ဝတ္တရားတစ်ရပ်အဖြစ်မှတ်ယူကာ သတိထားလျက် စနစ်တကျ အချိန်မှန် မပျက်မကွက် ပြုလုပ်သင့်၏။ ယနေ့ခေတ်အခါ ကမ္ဘာတစ်ဝန်းလုံး စက်မှု၊ သတင်းအချက်အလက်၊ ဆက်သွယ်ရေးနှင့် နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်လာသည့်နည်းတူ လူနေမှုဘဝဟန်ပန်များ ပြောင်းလဲလာခြင်းကြောင့် လမ်းလျှောက်ခြင်းဖြင့် အချိန်ကုန်မခံဘဲ မော်တော်ကား၊ မီးရထား၊ မော်တော်ဆိုင်ကယ် အစရှိသည့် ယာဉ်မျိုးစုံကို အသုံးပြုလာခြင်းကြောင့် ဣရိယာပုတ် မျှတခြင်း မရှိဘဲ ရောဂါဘယ ထူပြောလာကြ၏။ သို့ရာတွင် ကျေးလက်ဒေသ နေထိုင်သူအများစုမှာ မိမိတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်သော လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်လျက် ထင်းခွေခြင်း၊ ရေခပ်ခြင်းစသည့် နိစ္စဓူဝလုပ်ငန်းများ မပျက်မကွက်ဆောင်ရွက်ကြ၏။ ညနေစောင်းတွင် ခြင်းခတ်ခြင်း၊ ဘောလုံးကန်ခြင်းစသည့် ကိုယ်လက်လှုပ်ရှားအားကစားနည်းများမှ တစ်မျိုးမျိုးကိုလည်း ကစားလေ့ရှိ၏။ လယ်ထွန်ရာ၌ လည်းကောင်း၊ ကောက်စိုက်ပျိုးနုတ်ရာ၌ လည်းကောင်း လယ်ယာလုပ်ငန်းခွင်သို့ နံနက်-နေ့-ညနေ နေ့၊ ညမဟူ လမ်းလျှောက်သွားလေ့ရှိ၏။ သို့ဖြစ်၍ ကျန်းမာရေးနှင့် ညီညွတ်သည့် အလေ့အထကောင်းများရှိသည်ဟု ဆိုနိုင်၏။

## တင်ထွန်း (အစိုးရတိုင်းရင်းဆေး)

မြန်မာ့တိုင်းရင်းဆေးပညာတွင် မူလအကြောင်းတရားလေးပါး၊ သမုဋ္ဌာန်လေးပါး ဖြစ်ကြသော-

(၁) ကံ (စေတနာဟု ဆိုအပ်သော သင်္ခါရ)

(၂) စိတ် (ရုပ်ကို ဖြစ်စေတတ်သော နာမ်တရား)

(၃) ဥတု (ပူမှု၊ အေးမှုဟု ဆိုအပ်သော တေဇောဓာတ်)

(၄) အာဟာရ (အဆီအစေး၊ အနှစ်ဟုဆိုအပ်သော ဩဇာ) စသည်တို့သည် များစွာအရေးပါလှပါသည်။

လူသားတို့သည် ထ-ထိုင်-လျှောင်း-သွား ဟူသည့် ဣရိယာပုတ်လေးပါးကို စဉ်ဆက်မပြတ်ဆောင်ရွက်နေကြရလေ၏။ ကျန်းမာရေးဂရုစိုက်သောသူသည် ဖော်ပြပါ ဣရိယာပုတ်လေးပါးအား ညီညွတ်မျှတအောင် ဆောင်ရွက်ရာ၏။ တစ်ချိန်လုံး မတ်တတ်ရပ်လျက် အနေအထားဖြင့်သော် လည်းကောင်း၊ နေ့ညမနားဘဲ ထိုင်၍အလုပ်လုပ်ခြင်းသည် လည်းကောင်း၊ အိပ်ရာခုတင်ပေါ်တွင် လူမမာကဲ့သို့ တစ်ချိန်လုံးအိပ်စက်နေခြင်းသည် လည်းကောင်း၊ မနားတမ်း လမ်းလျှောက်နေခြင်းသည် လည်းကောင်း ကောင်းမွန်ပြည့်စုံသည့် ကျန်းမာရေးကို ရရှိခံစားနိုင်မည်မဟုတ်ချေ။ အလုပ်လုပ်ချိန်လုပ်၊ နားချိန်နား၊ စားချိန်စား၊ ကိုယ်လက်လှုပ်ရှားအားကစား လုပ်ချိန်လုပ်မှသာလျှင် စိတ်ဖိစီးမှုလျော့နည်းကာ မိမိ၏ကျန်းမာရေးကို မိမိကိုယ်တိုင်စောင့်ရှောက်နိုင်မည်ဖြစ်ပါသည်။ ထို့အတူ စိတ်ဖိစီးမှုမရှိစေရေး၊ သောကကင်းဝေးရေး၊ စိတ်ချမ်းသာရေးမှာလည်း များစွာအရေးပါ၏။ ကမ္ဘာပေါ်တွင် ကိုယ်ခန္ဓာတွင်ဖြစ်သော အနာရောဂါထက် စိတ်တွင်ဖြစ်သော၊ စိတ်ကြောင့်ဖြစ်သောရောဂါများမှာ ပိုမို၍များပြားကြောင်း သုတေသနပြုလုပ်ချက်များက ဖော်ပြလျက်ရှိ၏။ ဥတုနှင့် အာဟာရသည် ကျန်းမာရေးအတွက် ကမ္မ(ကံ)နှင့် စိတ်တို့ကဲ့သို့ လွန်စွာအရေးပါ၏။ ဥတုဖောက်ပြန်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ပြောင်းလဲကာ သက်ရှိတို့၏ ကျန်းမာရေးကို ကမောက်ကမဖြစ်စေနိုင်၏။ မြန်မာ့တိုင်းရင်းဆေးပညာအရ ပြင်ပပတ်ဝန်းကျင်ရှိ ဥတုကဲ့သို့ ခန္ဓာကိုယ်အတွင်းရှိ ပူခြင်း-အေးခြင်းသဘော (တေဇောဓာတ်)သည် အထူးအရေးပါလှ၏။ ဓာတ်ကြီးလေးပါးတွင် အကြောင်းဓာတ်ဖြစ်သော တေဇောဓာတ် ညီညွတ်မျှတမှန်ကန်မှသာ ကျန်ဓာတ်များ လွန်ခြင်း၊ အားနည်းခြင်း၊ ပျက်စီးခြင်းတို့ကင်းဝေးလျက် ကျန်းမာရေးသုခ ရရှိခံစားနိုင်မည်ဖြစ်ပါ၏။ ထို့ပြင် သက်ရှိတို့သည် အစာအာဟာရဖြင့်သာ အသက်ရှင်ရပ်တည်နေကြရ၍ အစာအာဟာရကို မျှတအောင်မှီဝဲရန် များစွာအရေးကြီး၏။

အဆီပို၍ အဝလွန်နေသူများ၊ သွေးတိုး-လေဖြတ်သူများ၊ ဆီးချို၊ သွေးချိုရောဂါရှင်များ ကျေးလက်ဒေသတွင် မရှိသလောက်နည်းပါးလှကြောင်း တွေ့ရလေ၏။ မြို့ပြဒေသများတွင် ဣရိယာပုတ်လေးပါးအနက် ထိုင်ခြင်း၊ အိပ်ခြင်း ဣရိယာပုတ်သည် ထခြင်း၊ သွားခြင်း (လမ်းလျှောက်ခြင်း)ထက် ပို၍များနေသဖြင့် ဆီး-ဝမ်း-လေ ဖောက်ပြန်ကာ သွေးလေမညီညွတ်တော့ဘဲ အနာရောဂါများ ထူပြောလာခြင်းဖြစ်လေ၏။ ယခုအခါတွင်မူ မိမိတို့၏ ကျန်းမာရေးကို ယခင်ကာလများထက် ပိုမိုဂရုစိုက်လာကြပြီဖြစ်၍ လမ်းလျှောက်ခြင်း (Walking) သို့မဟုတ် အနေးပြေးခြင်း (Jogging)ကို တစ်နေ့လျှင် နာရီဝက်မှ တစ်နာရီခန့်အထိ အချိန်ပေး၍ ပြုလုပ်လာကြကြောင်းတွေ့ရ၏။ အချို့မှာ ကြိုးခုန်၏။ အချို့မှာ ခြင်းခတ်၏။ အချို့မှာမူ ရေကူး၏။ အချို့မှာမူ နံနက်သာမက ညနေပိုင်းတွင်ပါ ကိုယ်လက်လှုပ်ရှားပြုလုပ်ကြ၏။ ယင်းသို့ ပြုလုပ်ခြင်းဖြင့် အကြောပြေစေခြင်း၊ အကြောအခြင်များသန်စွမ်းစေခြင်း၊ စိတ်ကြည်လင်စေခြင်း၊ လေကောင်းလေသန့်ရှူရှိုက်ရ၍ အဆုတ်နှင့်နှလုံး ကျန်းမာရေးကောင်းမွန်ခြင်း၊ ကြွက်သားများသန်စွမ်းခြင်း၊ အစာကြေညက်စေခြင်း၊ သွေးလှည့်ပတ်မှုမှန်ကန်စေသဖြင့် ဆီး-ဝမ်း-သွေး-လေ ညီညွတ်မျှတစေခြင်း၊ ဓာတ်ကြီးလေးပါးမျှတစေခြင်း၊ ကိုယ်ခံစွမ်းအား တိုးတက်စေခြင်း စသည့် အကျိုးတရားတို့ကို ခံစားရရှိနိုင်၏။

ကျန်းမာခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုခြင်းတို့သည် **ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ** အပြန်အလှန်ဆက်စပ်လျက်ရှိသည်။ ကိုယ်လက်လှုပ်ရှားမှု အလေ့အကျင့်ရှိသူများသည် သာမန်လူများထက် အမောအပန်းခံနိုင်ခြင်း၊ သက်လုံကောင်းမွန်ခြင်းတို့နှင့် ပြည့်စုံပြီး သွေးလည်ပတ်မှုကိုလည်း ပိုမိုကောင်းမွန်စေသည်။ နှလုံးကြွက်သားများ သန်မာလျက် ခန္ဓာကိုယ်တွင်း ပိုလျှံနေသည့် အဆီများကိုလည်း ဖယ်ရှားပေးနိုင်စွမ်းရှိပေသည်။

ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတွင် **လမ်းလျှောက်ခြင်း**သည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။ လမ်းလျှောက်ခြင်း(တစ်နည်း စင်္ကြံလျှောက်ခြင်း) နှင့်စပ်လျဉ်း၍ အကျိုးကျေးဇူးငါးပါးရှိကြောင်း ရှေးစာပေများတွင် **ခရီးသွားနိုင်၊ ကြံ့ခိုင်အားအင်၊ ကင်းစင်ရောဂါ၊ အစာကြေကျက်၊ မပျက်သမာဓိ၊ ငါးမျိုးရှိ၊ များ၏ စင်္ကြံအကျိုးတည်း** ဟု မှတ်သားလိုက်နာစရာ လင်္ကာဖွဲ့ဆိုထားပါသည်။

လေကောင်းလေသန့်ရရှိနိုင်မည့် နေရာများသို့ဖြတ်သန်း၍ နေ့စဉ်မှန်မှန်လမ်းလျှောက်ခြင်းသည် ကိုယ်ခန္ဓာအညောင်းအညာကို ပြေစေပြီး ခန္ဓာကိုယ် ဣရိယာပုတ်ကိုလည်း မျှတစေပါသည်။ လမ်းလျှောက်စဉ် အသက်ကို ဝအောင်ရှူရန် လိုအပ်လှပါသည်။ ပထမဦးစွာ လမ်းလျှောက်စကာလတွင် မိမိ၏အသက်အရွယ်နှင့် ကျန်းမာရေးအခြေအနေပေါ်မူတည်ပြီး မိမိလျှောက်နိုင်သည့်အတိုင်းအတာဖြင့် ခရီးအကွာအဝေး တိုတောင်းစွာလျှောက်၍ တဖြည်းဖြည်း ခရီးအကွာအဝေးကို တိုးမြှင့်လျှောက်ပေးရန် ဖြစ်ပါသည်။ လမ်းလျှောက်ရမည့် အကွာအဝေးအနေဖြင့် ပုံသေသတ်မှတ်ထားခြင်းမရှိပါ။ လူတစ်ဦးချင်းစီ၏ လိုအပ်မှုအနေအထား၊ အသက်အရွယ်အလိုက်သာမူတည်ပြီး သင့်လျော်မည့် ခရီးအကွာအဝေးကို နေ့စဉ်မှန်မှန်လျှောက်ရန်သာ လိုအပ်ပါသည်။

လမ်းလျှောက်ခြင်းအပေါ် သုတေသီများ၏ သုတေသနပြုချက်အရ လူတစ်ဦးသည် တစ်ပတ်လျှင် တစ်နာရီမှ သုံးနာရီအထိ တစ်နာရီလျှင် သုံးမိုင်နှုန်း လမ်းလျှောက်ပါက လေ့ကျင့်ခန်း မပြုလုပ်သူများထက် နှလုံးထိခိုက်ခံရမှုနှင့် သေဆုံးမှုရာခိုင်နှုန်း ၃၀ လျော့နည်းသွားသည်ကို တွေ့ရှိရကြောင်း၊ တစ်ပတ်လျှင် သုံးနာရီထက်အချိန်ပို၍ လျှောက်မည်ဆိုပါက ယင်းအန္တရာယ်မှ နောက်ထပ် ငါးရာခိုင်နှုန်းလျော့ကျသွားနိုင်ကြောင်း သိရပါသည်။

လမ်းလျှောက်သည့်အမြန်နှုန်းကိုလည်း အလေးထားဂရုပြုရန် လိုအပ်ပါသည်။ သက်သောင့်သက်သာ အနေအထားဖြင့် တစ်နာရီလျှင် နှစ်မိုင်နှုန်းထက် လျော့နည်းလျှောက်ပါက နှလုံးထိခိုက်မှု အန္တရာယ်မှ ၂၅ရာခိုင်နှုန်း လျော့နည်းပြီး အကယ်၍ သုံးမိုင်နှုန်း သို့မဟုတ် ထိုနှုန်းထက်ပိုလျှောက်မည်ဆိုပါက အန္တရာယ်မှ ၃၆ရာခိုင်နှုန်း လျော့နည်းနိုင်ကြောင်း လေ့လာသိရှိရပါသည်။

လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများအနေဖြင့် သွေးတိုးကိုကျစေခြင်း၊ နှလုံးရောဂါကိုကာကွယ်နိုင်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ ကြည်လင်လန်းဆန်းစေခြင်း၊ အရိုးအဆစ်များ ကြံ့ခိုင်သန်စွမ်းစေခြင်း၊ ခန္ဓာကိုယ်၏အလေးချိန်ကို (အဝမလွန်ကဲအောင်) ထိန်းသိမ်းထားနိုင်ခြင်း၊ ကြွက်သားများသန်မာပြီး သွေးကြော၊ လေကြောပွင့်၍ သန်စွမ်းဖျတ်လတ်စေခြင်း၊ သွေးအတွင်းမှ အဆီကျစေခြင်း၊ သွေးအတွင်းမှ သကြားဓာတ်ကျစေခြင်း၊ အသက်အရွယ်မရွေး၊ လူတန်းစားမရွေးဆောင်ရွက်နိုင်ခြင်း စသည်တို့ဖြစ်ကြပါသည်။

ထို့ပြင် လမ်းလျှောက်ခြင်းသည် ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ခြင်းဖြစ်သည့်အားလျော်စွာ နှလုံးစွမ်းအားနှင့် အဆုတ်စွမ်းအားတို့ကို တိုးပွားစေနိုင်ခြင်း၊ ကင်ဆာအဖုအကျိတ်(ဥပမာ-အူမကြီးကင်ဆာ၊ ဆီးကျိတ်ကင်ဆာစသည်) ရောဂါများဖြစ်ပွားနှုန်းကို လျော့နည်းစေခြင်း၊ အကြောအခြင် နာကျင်မှုသက်သာစေခြင်း၊ စိတ်ဖိစီးမှုလျော့နည်းစေခြင်းနှင့် စိုးရိမ်သောကကြောင့်ကြစိတ်များ လျော့ပါးခြင်းတို့ကို ဖြစ်ပေါ်စေနိုင်ကြောင်း လေ့လာသိရှိရပါသည်။

ယခုအချိန် ဟေမန္တဆောင်းရာသီသို့ ဝင်ရောက်စကာလ ချမ်းအေးသည့်ရာသီတွင် ကျရောက်သည့် ဒီဇင်ဘာလတွင် တစ်မျိုးသားလုံးကြံ့ခိုင်ရေးအတွက် အားကစားသီတင်းပတ်များအဖြစ် စုပေါင်းလမ်းလျှောက်ပွဲများကို အားကစားဝန်ကြီးဌာနမှ ဦးဆောင်ဆင်နွှဲ ကျင်းပလျက်ရှိသည်။ နိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်နှင့် ကျေးရွာများပါမကျန် **စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့** ဟူသော ကျန်းမာရေးဆိုင်ရာနှိုးဆော်ချက်၊ **ကျန်းမာကြံ့ခိုင်၊ ပြည့်မဏ္ဍိုင်၊ ကိုယ်လက်လှုပ်ရှား အားကစား** ဟူသောဆောင်ပုဒ်တို့နှင့်အညီ ပြည်သူများ တပျော်တပါး စုပေါင်းလမ်းလျှောက်ကြသည်မှာ အားရဖွယ် တွေ့မြင်ရပါသည်။

သို့ဖြစ်ရာ အသက်အရွယ်မရွေး၊ လူတန်းစားမရွေး လှုပ်ရှားနိုင်သော အားကစားနည်းတစ်ရပ်ဖြစ်သည်သာမက ငွေကုန်ကြေးကျ အသက်သာဆုံးနှင့် အကောင်းဆုံး ကျန်းမာရေးလေ့ကျင့်ခန်းလည်းဖြစ်သည့် ကိုယ်လက်လှုပ်ရှား လမ်းလျှောက်ခြင်းကို စနစ်တကျ ဆောင်ရွက်ခြင်းဖြင့် ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာပါ ကျန်းမာရေးပြည့်စုံမှုကို ပေးစွမ်းနိုင်မည်ဖြစ်ပြီး တစ်ဦးချင်းအတွက်သာမက နိုင်ငံတော်အကျိုးစီးပွားများ ပိုမိုကြိုးပမ်းဆောင်ရွက်နိုင်မည်ဖြစ်သည်နှင့်အညီ **သက်ရှည်ကျန်းမာဖို့ လမ်းလျှောက်ကြပါစို့** ဟူသော ဆောင်ပုဒ်နှင့်အညီ ဆင်နွှဲလျက်ရှိသော ဒီဇင်ဘာလူထုစုပေါင်းလမ်းလျှောက်ပွဲများတွင် အင်တိုက်အားတိုက် ပါဝင်ဆင်နွှဲသင့်ကြပါကြောင်း တိုက်တွန်းရေးသား တင်ပြလိုက်ရပါသည်။ ။



## စာဆိုတော်နေ့အခမ်းအနား ပြည်မြို့၌ကျင်းပ

ပြည် ဒီဇင်ဘာ ၉

စာဆိုတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသည့် စာဆိုတော်နေ့ အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၇ရက် နံနက် ၉နာရီက ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သဘာပတိ ပြည်တက္ကသိုလ်ပါမောက္ခချုပ် (ငြိမ်း)ဦးမြဝင်း(မြဝင်း-ဒဿန)က စာဆိုတော်နေ့ ဖြစ်ပေါ်လာပုံသမိုင်းနှင့် စာဆိုတော်ကြီးများ၏ ဂုဏ်ကျေးဇူး ကြီးမားပုံကို ဟောပြောသည်။ ဆက်လက်၍ ပြည်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးအောင်ဆန်းမင်း (မင်းယွန်း-ခေတ္တရာ)က မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌထံမှ ပေးပို့သောသဝဏ်လွှာကို ဖတ်ကြားသည်။

### ပေးပို့လှူဒါန်း

ထို့နောက် ပြည်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်ထွန်းမိသားစုထံမှ ပြည်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ ပေးပို့လှူဒါန်းသော ငွေကျပ်သုံးသောင်းအား အလှူရှင်များကိုယ်စား ပြည်တက္ကသိုလ်ပါမောက္ခချုပ် (ငြိမ်း) ဦးမြဝင်းက လှူဒါန်းရာ ပြည်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာရေးမှူး ဦးရွှေဝင်းနှင့် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ညွှန့်တို့က လက်ခံယူကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ)**

**(မြို့နယ်စာပေနှင့်စာနယ်ဇင်း)**

## မြဝတီရုပ်မြင်သံကြား

၁၀-၁၂-၂၀၁၀ (သောကြာနေ့)

### နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၅ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရှောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

### ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၄၅ ၃။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၅၀ ၄။ အိုင်စီတီသုတ
၄:၅၅ ၅။ မျိုးချစ်တပ်မတော်
၅:၀၀ ၆။ လျှပ်တစ်ပြက်
၅:၀၅ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅:၁၅ ၈။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅:၂၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ **-ကပ်ပါးပိုးကောင်လေးများ** (ဇာတ်သိမ်းပိုင်း)
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၃။ **ရွှ** ဟာသဇာတ်လမ်းတွဲ
၆:၄၅ ၁၄။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်သောအားမာန်** (အပိုင်း-၁၆)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ အငြိမ့်အဖွဲ့ဖျော်ဖြေမှု (မြဝတီအငြိမ့်) စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅၃) ကျောင်းဆင်းပွဲဂုဏ်ပြု
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ သံစဉ်များနှင့်ကမ္ဘာ
၂၂။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိုင်းသမားခုနစ်ဖော်** (အပိုင်း-၂၄)

**လင်းခေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့မဈေးကြီးအတွင်း မီးသတ်ဆေးဘူး လက်တွေ့အသုံးချ ကိုင်တွယ်သရုပ်ပြငြိမ်းသတ်မှုကို ဒီဇင်ဘာ ၃ရက်က မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်လျှပ်စစ်၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့ ကွင်းဆင်းစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)



# ဝန်ကြီး ဦးဉာဏ်ဝင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူများအား အမေရိကန် ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၉

**ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ အလည်အပတ်ခရီးရောက်ရှိနေသော အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယလက်ထောက် နိုင်ငံခြားရေးဝန်ကြီး Mr.Joseph Y.Yun ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ယနေ့ မွန်းတည့် ၁၂နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်ရေးနှင့် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကို ဆွေးနွေးကြသည်။**

## တက်ရောက်

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် အပြည်ပြည်ဆိုင်ရာဥပဒေ စာချုပ်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်၊ နိုင်ငံရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ လက်ထောက် နိုင်ငံခြားရေးဝန်ကြီး Mr. Joseph Y.Yun ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်ပြည်ထောင်စု သံရုံး ယာယီတာဝန်ခံ Mr.Larry M. Dinger လည်းတက်ရောက်သည်။

## အမြင်ချင်းဖလှယ်

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ လက်ထောက် နိုင်ငံခြားရေးဝန်ကြီး Mr.Joseph Y.Yun ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်၌ရောက်ရှိနေစဉ်အတွင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး ကိစ္စရပ်များ၊ ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ ကိစ္စရပ်များအပေါ် အမြင်ချင်း ဖလှယ်ခဲ့ကြကြောင်း သိရှိရသည်။

## တွေ့ဆုံဆွေးနွေး

ထို့အတူ Mr.Joseph Y.Yun ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့် တာဝန်ရှိသူများနှင့်လည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် လည်းကောင်း သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

## တည်ခင်းဧည့်ခံ

ထို့နောက် နိုင်ငံခြားရေးဝန်ကြီး ဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက အမေရိကန်ပြည်ထောင်စု နိုင်ငံခြား ရေးဝန်ကြီးဌာန ဒုတိယလက်ထောက် နိုင်ငံခြားရေးဝန်ကြီး Mr.Joseph Y.Yun ဦးဆောင်သော ကိုယ်စား လှယ်အဖွဲ့အား မွန်းလွဲပိုင်းတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ဂဟ ဟိုတယ်၌ နေ့လယ်စာဖြင့်တည်ခင်း ဧည့်ခံသည်။ **(သတင်းစဉ်)**



**နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယလက်ထောက် နိုင်ငံခြားရေးဝန်ကြီး Mr. JosephY.Yun ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။**
(သတင်းစဉ်)



# ဩစတြေးလျ ဓနသဟာယနိုင်ငံ သံအမတ်ကြီး ဝန်ကြီး ဦးအောင်ကြည်အား လာရောက်တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၉**

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်အား တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျဓနသဟာယနိုင်ငံ သံအမတ်ကြီး H.E.Ms. Michelle Su- Wan Chan သည် ဒီဇင်ဘာ ၇ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ နှုတ်ဆက်ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

# ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ -၂၀၁၀ Shine ဆောက်လုပ်ရေးကုမ္ပဏီ ပါဝင်ပြသ

**ရန်ကုန် ဒီဇင်ဘာ ၉**

Shine Group of Companies ရှိုင်းဆောက်လုပ်ရေး၊ အိမ်တွင်းအလှဆင်လုပ်ငန်း Hyundai ဓာတ်လှေကားနှင့် ကောင်းမြတ်ဇော် အင်တာနေရှင်နယ်ကုမ္ပဏီ အိမ်ဆောက်ပစ္စည်းလုပ်ငန်းသည် ဒီဇင်ဘာ ၉ရက်မှ ၁၂ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ခင်းကျင်းပြသသော ရန်ကုန် အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ ၂၀၁၀တွင် ပါဝင်ပြသလျက်ရှိသည်။ **(အောက်ယာပုံ)**

Shine Group of Companies သည် ငွေကျပ် ၁၀သိန်း ယူဆောင်လာရုံဖြင့် Condo တိုက်ခန်း ပိုင်ဆိုင်ခွင့်ရရှိစေမည် ဖြစ်ပြီး ဓာတ်လှေကား (မီးစက်)နှင့် အိမ်သုံးမီးပါဝင်မည်ဖြစ်သည့်အပြင် တိုက်ခန်းအနေဖြင့် ငွေကျပ် ငါးသိန်း သယ်ဆောင်လာရုံဖြင့် ဝယ်သူ စိတ်တိုင်းကျ ဆောင်ရွက်ရောင်းချနေကြောင်း၊ ကြွေပြား၊ ကျောက်ပြား အနေဖြင့် အီတလီနည်းပညာဖြင့် ပြုလုပ်ထားသော ဗီယက်နမ်နိုင်ငံထုတ် Viglacera Brand ကို တင်သွင်းအသုံးပြုကာ တစ်ပေ ပတ်လည်တစ်ချပ်ကို ငွေကျပ် ၆၂၀ နှင့် နှစ်ပေပတ်လည် တစ်ချပ်ကို ငွေကျပ် ၂၅၀၀ဖြင့် အဆင့်မြင့်မြင့် သုံးစွဲနိုင်ကြောင်း၊ Helco Korea ဓာတ်လှေကားကိုလည်း တစ်ဦး တည်း ကိုယ်စားလှယ်အဖြစ် ဖြန့်ချိလျက်ရှိကြောင်း သိရသည်။

ထို့အပြင် ဈေးနှုန်းသက်သာစေလိုသူများအတွက် Hyundai (Shang Hai) တံဆိပ်ထုတ်များလည်း ဖြန့်ချိနေကြောင်း၊ အထူးသဖြင့် ဘဏ်လုပ်ငန်းနှင့် Show-room ဖွင့်လိုသူ လုပ်ငန်းရှင်များအတွက် မြို့လယ်ကောင် မြေညီထပ်များကိုလည်း မကြုံဖူး၊ မရဖူးသော နှုန်းထားဖြင့် ငွေကျပ်သိန်း ၅၀ ယူလာရုံဖြင့် အရစ်ကျ ပေးချေမှုများဖြင့် ပိုင်ဆိုင်ခွင့်ရရှိစေရန် ဆောင်ရွက်ပေးနေကြောင်း၊ အသေးစိတ်သိလိုပါက ပြပွဲကာလအတွင်းနှင့် အမှတ်(၂၉) မြေညီထပ် ဂျိုးဖြူလမ်း ဂျိုးဖြူကွန်ဒို မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၅၃၄၄သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ **(သတင်းစဉ်)**





# အရှေ့တောင်အာရှ ဖိတ်ခေါ်သေနတ်ပစ်ပြိုင်ပွဲ မြန်မာ့သေနတ်ပစ်အားကစားအဖွဲ့ ပါဝင်ယှဉ်ပြိုင်မည်

**ရန်ကုန် ဒီဇင်ဘာ ၉**

၂၀၁၀ခုနှစ် ဒီဇင်ဘာ ၁၀ရက်မှ ၁၈ရက်အထိ အင်ဒိုနီးရှားနိုင်ငံ (ဂျကာတာမြို့)တွင် ကျင်းပမည့် (၃၄)ကြိမ်မြောက် အရှေ့တောင်အာရှ ဖိတ်ခေါ် သေနတ်ပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် သေနတ်ပစ်အားကစား အဖွဲ့သည် ဒီဇင်ဘာ ၈ရက်မွန်းလွဲပိုင်းက လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာသွားသည်။

မြန်မာ့လက်ရွေးစင် သေနတ်ပစ် အားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံ သေနတ်ပစ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ဝင်း (ကာကွယ်ရေး ဝန်ကြီးဌာန)၊ မြန်မာနိုင်ငံ သေနတ် ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများ ဖြစ်သည့် ဦးထက်ညီ(အုပ်ချုပ်သူ-ရှိုင်ဖယ်)နှင့် ဦးဖြိုးကိုကိုတင့်ဆန်း (အုပ်ချုပ်သူ-ပစ္စတို)၊ အတွင်းရေးမှူး ဦးကျော်မိုးဝင်း ဒုတိယ ညွှန်ကြားရေးမှူး (အား/ကာ ဦးစီး ဌာန)နည်းပြ၊ အားကစားသမား အဖြင့် အောင်ငြိမ်းနီ (ရန်ကုန် မြို့တော်စည်ပင်)၊ အောင်သူရ (သစ်တော)၊ လင်းအောင် (ကာကွယ် ရေး)၊ မောင်ကြူ (ကာကွယ်ရေး)၊ သန်းသန်းစော(သစ်တော)၊ ရွှေဇင် ငြိမ်း(အား/ကာ ဦးစီးဌာန)၊ မြတ်သူဇာဝင်း (ရန်ကုန်မြို့တော်စည်ပင်) နှင့် လေးဇာဇာလှိုင်းမြင့် (သစ်တော) တို့ လိုက်ပါသွားကြောင်း သိရသည်။ **(ဝဲပုံ)**

**(မြန်မာ့အလင်း)**



# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ ခရမ်း၊ သုံးခွ၌ ပွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၉

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ခရမ်းမြို့နယ် အပျိုကြီးတဲစုကျေးရွာရှိ ပဲတီစိမ်းစံပြစိုက်ကွက်၌ မြေဩဇာပက်ဖျန်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။**

ထို့နောက် ခရမ်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ခန်းမ၌ကျင်းပသည့် ပဲတီစိမ်းစိုက်တောင်သူများအား ပုံ့ပိုးငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ခရမ်းမြို့နယ်ရှိ ကျေးရွာများမှ တောင်သူများကိုယ်စား တောင်သူတစ်ဦးက ပုံ့ပိုးငွေလက်ခံကာ ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ခရမ်းမြို့နယ်ပြည်သူ့ဆေးရုံ၌ကျင်းပသည့် (ဖလိုင်းမင်း) ဆေးကုသဆောင် ပန္နက်တင်ခြင်းအခမ်းအနားသို့ တက်ရောက်၍ ပန္နက်တင်ပေးပြီး အမွေးနံ့သာရည်များပက်ဖျန်းပေးကြကာ ဆေးရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေး၍ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသော လူနာများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ထို့နောက် ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြကျေးရွာ သောက်သုံးရေကန်သစ်(ဖွဲကမော့ချောင်း) တူးဖော်မြေနေရာကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် သုံးခွမြို့နယ်လုံးဆိုင်ရာ မဟာအတုလဝေယံ သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရေးလုပ်ငန်းကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ပုံ့ပိုးငွေပေးအပ်**

ဆက်လက်၍ ဗိုလ်ချုပ်တင်ငွေသည် သုံးခွမြို့နယ်အားကစားခန်းမ၌ကျင်းပသည့် ပဲတီစိမ်းစိုက်တောင်သူများအား ပုံ့ပိုးငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး သုံးခွမြို့နယ်ရှိ ကျေးရွာများမှ တောင်သူများကိုယ်စား တောင်သူတစ်ဦးက ပုံ့ပိုးငွေများကိုလက်ခံ၍ ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် သုံးခွမြို့နယ် တကောကျေးရွာအနီး၌ တည်ဆောက်ထားသည့် တကောရေထိန်းတံခါးသို့ ရောက်ရှိရာ ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရေတံခါးတည်ဆောက်မှုဆိုင်ရာ အချက်အလက်များနှင့်ရေပေးဝေမှုဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်တင်ငွေက လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးကာ ရေတံခါးကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဘက်စုံသဘာဝဘေးကြိုတင်ကာကွယ်ရေးနှင့် သတိပေးရေးဗဟိုဌာန ပို့ဆောင်ရေးဝန်ကြီး ဦးသိန်းဆွေ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၉**

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၇ရက် ညနေ ၄နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဘက်စုံသဘာဝဘေးကြိုတင်ကာကွယ်ရေးနှင့် သတိပေးရေးဗဟိုဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရုပ်မြင်သံကြား ရိုက်ကူးရေးခန်းမအတွင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများက ရုပ်မြင်သံကြား ရိုက်ကူးထုတ်လွှင့် တင်ပြပုံအဆင့်ဆင့်၊ စက်ကိရိယာများအသုံးပြု၍ မိုးလေဝသ၊ ဇလဗေဒ၊ မြေငလျင်နှင့် ဆူနာမီစသည့် သဘာဝဘေးအန္တရာယ်များအား ကြိုတင်ကာကွယ်နိုင်ရန် သတင်းထုတ်ပြန်ချက်အဆင့်ဆင့် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးက လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကြည့်ရှုစစ်ဆေး

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ ခရမ်းမြို့နယ် အပျိုကြီးတဲစုကျေးရွာရှိ ပဲတီစိမ်းစံပြစိုက်ကွက်၌ မြေဩဇာပက်ဖျန်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)



ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဦးသိန်းဆွေ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဘက်စုံသဘာဝဘေးကြိုတင်ကာကွယ်ရေးနှင့် သတိပေးရေးဗဟိုဌာန၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၀-၁၂-၂၀၁၀ (သောကြာနေ့ )**

**နံနက်ပိုင်း**

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **အလုပ်(၂)မျိုး** တရားတော် (ဆရာတော်အရှင်ဩဘာသသိရီ)
- ၆:၄၀ အံ့ဖွယ်တမူ ဆဒ္ဒန်ဂူ
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ံပါ** (အပိုင်း-၁၀၀)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၆၇)
- ၈:၄၅ Activities in the City ပါရမီ၏ (၁၁)နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနား
- ၉:၀၀ သမိုင်းဂုဏ်ဝင့်ကြွား… မြို့ရွှေဘို၏အလှဟန်များ
- ၉:၁၅ ရေဆေးအောက်ဒိုးပန်းချီ [မြန်မာနိုင်ငံရိုးရာ ပန်းပညာရှင်များ အစည်းအရုံး(ဗဟို)]
- ၉:၃၅ Movie Talk ဒါရိုက်တာကြည်စိုးထွန်း၊ ဒေါ်ချစ်မြစိန် (ရွှေညာမောင်ရုပ်ရှင်) (အပိုင်း-၂)
- ၁၀:၀၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၀:၂၅ Chatrium Dream Wedding Fair 2010 (Part - 1)
- ၁၀:၅၅ တေးဂီတအစီအစဉ်
- ၁၁:၀၅ သူတို့ဘဝ သူတို့ဟာသ (ဦးဉာဏ်ပွင့်)
- ၁၁:၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၁၀ မဟိယင်္ဂဏ(ခေါ်)မရှိခဏ စေတီတော်….ဖူးကြစို့နော်
- ၁၂:၂၀ ဗဟိုဘင်ခရာအဖွဲ့ဝင်ဟောင်းများ၏ တတိယအကြိမ်အာစရိယ ပူဇော်ပွဲ
- ၁၂:၅၀ ဆူးလေစေတီတော် ဘက်စုံမွမ်းမံ ပြန်လည်တည်ဆောက်ရေး
- ၁:၀၀ **အလုပ်(၂)မျိုး** တရားတော် (ဆရာတော်အရှင်ဩဘာသသိရီ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ Style ရှိမှ Star ဖြစ်မယ်
- ၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ံပါ** (အပိုင်း-၁၀၀)
- ၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၆၇)
- ၄:၅၀ Activities in the City [စစ်ကိုင်းအသင်း(ရန်ကုန်)၏ (၂၅)ကြိမ်မြောက် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ]
- ၅:၀၀ တစ်နေရာတည်းပြီးပြည့်စုံစေမှာ… Ginger
- ၅:၁၅ သူတို့ပြောတဲ့သူတို့အကြောင်း (ချစ်ချစ်ဇော်၊ လင်းဇာနည်ဇော် တို့နှင့်တွေ့ဆုံခြင်း)
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ပတ္တရားည
- ၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ံပါ** (အပိုင်း-၁၀၁)
- ၇:၂၅ The Champion of Dance
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ Wedding Season(Part-8)
- ၉:၀၀ ပြုံးပျော်ကျန်းမာ ကလေးတို့ကမ္ဘာ
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၆၈)
- ၁၀:၁၀ အနုပညာမိုးကောင်းကင်
- ၁၀:၃၀ ဗိုလ်ကလေးတင့်အောင်၏ ဘဝစာမျက်နှာများ
- ၁၁:၀၅ ဂီတသရုပ်ပြခန်း (Jet San Htun ကြယ်တွေလို)
- ၁၁:၃၀ နလုံးသားဖြင့်မြင်နိုင်စွမ်းသူတို့၏ Physiotherapy Clinic
- ၁၁:၄၅ VJ Choice
- ၁၂:၁၀ ဗန်းမော်မြို့မှ လိုက်လုံဲစွာကြိုဆိုပါ၏
- ၁၂:၃၅ World of Knowledge (Smart Tunnel)
- ၁:၂၀ ငြိမ့်ညောင်းသာယာရှုမဝ မြန်မာ့ဂီတမြန်မာ့အက
- ၁:၃၅ Movie Mistake (Air Force One)
- ၁:၅၀ နေရောင်ခြည်မှသည် လျှပ်စစ်စွမ်းအင်ဆီသို့
- ၂:၀၅ Shotting Location **ဆရာမအိမ်**
- ၂:၂၀ **ကုသမနေ့းတီဘီဘေး** ရာဇာနေဝင်း၊ သုမောင်၊ ညီရော်၊ မတူး (ဒါရိုက်တာ-ပန်းချီစိုးမိုး)
- ၂:၃၀ လုပသစ်ဆန်းအလှပြင်ခန်း (Hello)
- ၂:၅၀ အပန်းဖြေစရာမျက်လှည့်ကမ္ဘာ
- ၃:၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄:၀၅ မင်းကွန်းရိုးရာလက်မှုအနုပညာ
- ၄:၂၀ စိတ်နှလုံးချမ်းမြေ့ဖွယ်ရာ မဟာစည်သာသနာ့ရိပ်သာ
- ၄:၃၀ သုဝဏ္ဏဘူမိမြို့ဟောင်းမှ ကြည်ညိုဖူးမြော်ကျိုက်တလန်းစေတီတော်
- ၅:၀၀ အစီအစဉ်ပြီး၏။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# ကူဝိတ်နိုင်ငံဆိုင်ရာသံအမတ်ကြီးအဖြစ် ဦးကိုကိုလတ်အားခန့်အပ်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဦးကိုကိုလတ်အား ကူဝိတ်နိုင်ငံဆိုင်ရာအထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

**လှိုင်လင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းလမ်းများ ကတ္တရာလမ်းပေါက်ဖာထေးခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၅ရက်က အငယ်တန်း အင်ဂျင်နီယာ-၂ ဦးကျော်သူရ ကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)



## ● ကျောဖုံးမှ

### နိုင်ငံ့ဂုဏ်ဆောင်

မြန်မာလူငယ်ဂူရှူးအဖွဲ့သည် အဆိုပါပြိုင်ပွဲတွင် စုစုပေါင်းဆုတံဆိပ် ၁၃ခု ဆွတ်ခူးရရှိကာ ပြိုင်ပွဲဝင်နိုင်ငံပေါင်း ၄၆နိုင်ငံတွင် အောင်မြင်မှုရခဲ့ခြင်းဖြစ်သည်။ မြန်မာဂူရှူးအဖွဲ့အတွက် ရွှေသုံးခုကို ဝေဖြိုးအောင်၊ ကျော်ဇင်သက်နှင့် အေးသစ္စာမြင့်တို့က တစ်ခုစီ၊ ငွေလေးခုကို ငြိမ်းချမ်းကိုကိုက နှစ်ခု၊ မြတ်သက်စုဝေဖြိုးနှင့် အေးသစ္စာမြင့်တို့ကတစ်ခုစီ၊ ကြေးခြောက်ခုကို သူရစိုး၊ ဝင်းမော်ဦး၊ ဝေယံလင်း၊ ထွန်းထွန်းဝင်း၊ မြတ်သက်စုဝေဖြိုးနှင့် သူရစိုး-ငြိမ်းချမ်းကိုကိုအတွဲတို့က တစ်ခုစီ ဆွတ်ခူးရယူပေးခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့ဂူရှူးအင်အားကြီး တရုတ်အပါအဝင် နိုင်ငံပေါင်းများစွာဝင်ရောက်ယှဉ်ပြိုင်ကြသော ယခုပြိုင်ပွဲတွင် မြန်မာလူငယ်ဂူရှူးအားကစားသမားများက အစွမ်းပြကာ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

အောင်ပွဲရမြန်မာလူငယ်ဂူရှူးအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးထွန်းထွန်းဦး(အထွေထွေအတွင်းရေးမှူး၊ ဂူရှူးအဖွဲ့ချုပ်)၊ အုပ်ချုပ်သူအဖြစ် ဒေါ်ရင်ရင်နု၊ နည်းပြများအဖြစ် ဦးခင်စိုးနှင့် ဦးဟာဟုန်း၊ ဒိုင်လူကြီးများအဖြစ် ဦးခင်မောင်ငြိမ်းနှင့် ဦးအောင်စည်သူ၊ အားကစားသမားများအဖြစ် ငြိမ်းချမ်းကိုကို၊ သူရစိုး၊ ဝေဖြိုးအောင်၊ ကျော်ဇင်သက်၊ ဝင်းမော်ဦး၊ ဝေယံလင်း၊ ထွန်းထွန်းဝင်း၊ ဝေမာထွန်းသိန်း၊ အေးသစ္စာမြင့်၊ သန့်စုစံ၊ မြတ်သက်စုဝေဖြိုးနှင့် ဆုလှိုင်ဦးတို့ပါဝင်ကြသည်။ **(မြန်မာ့အလင်း)**

## ကင်ဆာမဖြစ်ရန် ဆောင်ရန်၊ ရှောင်ရန်များ

၁။ အဝမလွန်ပါစေနှင့်။
၂။ အဆီနှင့်ဆီများ လျှော့စားပါ (တိရစ္ဆာန်နှင့် အသီးအနှံမှရသော ဆီများ အားလုံးအကျုံးဝင်သည်)။
၃။ အမျှင်များသော အသီးအနှံ အရွက်နှင့် ဆတ်၊ ဂျုံ၊ ပြောင်းများစားရန်။
၄။ ဗီတာမင်အေနှင့် စီဓာတ်ပါသော အရွက်များစားရန်။
၅။ ဗီတာမင်စီဓာတ်ပါသော အချိုအချဉ်ဓာတ်ရှိသောအသီးများ စားရန်။
၆။ ဂေါ်ဖီထုပ်၊ ဂေါ်ဖီစိမ်းထုပ်၊ ပန်းဂေါ်ဖီ၊ ကညွတ်များစားရန်။
၇။ ကွမ်း၊ ဆေးလိပ်နှင့် အရက်သေစာ စားသောက်ခြင်းမှ ရှောင်ရန်။
၈။ ဆားဖြင့်စီမံထားသောအစာများ၊ ကျပ်တင်ထားသောအစာများ၊ ယမ်းစိမ်းဖြင့်ပြုပြင်ထားသော အစာများနှင့် အချဉ်သနပ်များ အလွန်အကျွံစားခြင်းမှ ရှောင်ရန်။ (ဥပမာ- ငါးခြောက်၊ ဝက်အူချောင်းနှင့် သနပ်များ)
၉။ လေ့ကျင့်ခန်း မှန်မှန်လုပ်ရန်။
၁၀။ နှစ်ပတ်ထက်ကျော်ပြီး သာမန်မဟုတ်သော လက္ခဏာများ ဖြစ်ပေါ်လျှင် တတ်ကျွမ်းသူနှင့်ပြသရန်။

ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

# ၂၀၁၀-၂၀၁၁ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်းစုစုပေါင်း ၃၃၄၄ ဒသမ ၆၃ဧက ဖျက်ဆီးနိုင်ခဲ့

**နေပြည်တော် ဒီဇင်ဘာ ၉**

၂၀၁၀-၂၀၁၁ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်းများ ရှာဖွေဖျက်ဆီးလျက်ရှိရာ ၂၀၁၀ခုနှစ် စက်တင်ဘာ ၁ရက်မှ နိုဝင်ဘာ ၂၉ရက်အထိ ဘိန်းခင်း ၁၃၇၇ ဒသမ ၃၄ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

ပြည်နယ်၊ တိုင်းဒေသကြီးအလိုက် ဘိန်းခင်းများ ဆက်လက်ဖျက်ဆီးလျက်ရှိရာ နိုဝင်ဘာ ၃၀ရက်မှ ဒီဇင်ဘာ ၆ရက်အထိ ဘိန်းခင်း ၁၉၆၇ ဒသမ ၂၉ဧက ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် ဘိန်းခင်းစုစုပေါင်း ၃၃၄၄ ဒသမ ၆၃ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ထပ်မံဖျက်ဆီးနိုင်ခဲ့သည့် ဘိန်းခင်း ၁၉၆၇ ဒသမ ၂၉ဧကအနက် ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ်၊ ပင်လောင်းမြို့နယ်၊ ဖယ်ခုံမြို့နယ်၊ လွိုင်လင်မြို့နယ်နှင့် ညောင်ရွှေမြို့နယ်အတွင်းမှ ၁၇၅၀ ဒသမ ၇၁ဧက၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ်၊ မိုင်းတုံမြို့နယ်၊ ကျိုင်းတုံမြို့နယ်၊ မိုင်းယောင်းမြို့နယ်နှင့် မိုင်းဆတ်မြို့နယ်အတွင်းမှ ၉၃ ဒသမ ၁ဧက၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်အတွင်းမှ ၄၄ဒသမ ၁ဧက၊ ချင်းပြည်နယ် တွန်းဇံမြို့နယ်အတွင်းမှ ၄ ဒသမ ၇၃ဧက၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်အတွင်းမှ ဝဒသမ ၁၅ဧက၊ ကယားပြည်နယ် ဒီမော့ဆိုမြို့နယ်အတွင်းမှ ၇၄ ဒသမ ၅ဧကဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စာပေမြင့်မှ လူမျိုးတင့်မည်

◆ *ရှေ့ဖုံးမှ*

## ဆိုက်ဆိုက်မြိုက်မြိုက်

ချင်းပြည်နယ်သည် မြင့်မားမတ်စောက်သော တောင်တန်းကြီးများနှင့် ချိုင့်ဝှမ်းကြီးများဖြင့် သာယာလှပနေသော ပြည်နယ်တစ်ခုဖြစ်သည်။ ဤသို့ လှပနေသော ချင်းပြည်နယ်ကို ကြားရုံသာ ကြားဖူးသော်လည်း မရောက်ဖူးခဲ့။ ယခုတော့ ''လာလိုလျှင် အနီးလေး၊ မလာလိုလျှင်ခရီးဝေး'' ဆိုသည့် မြန်မာစကားပုံအရ လာလို၍ ခရီးနီးခဲ့ရပါပြီ။ ချင်းပြည်နယ် ဖလမ်းမြို့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ခရီးတစ်ခေါက် အလည်ရောက်ခဲ့ပါပြီ။

သတင်းခရီးသည်တို့သည် ဖလမ်းမြို့သို့ ကလေးမြို့မှတစ်ဆင့် မော်တော်ယာဉ်ဖြင့် ခရီးရောက်ခဲ့ကြသည်။ ကလေးမြို့သည် တီးတိန်မြို့နယ်နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသော မြို့ဖြစ်သည်။ ကလေးမြို့နယ်အဆုံး ၈မိုင် ၇ဖာလုံမှ စပြီး ချင်းတောင်တန်းကြီးကို ကားဖြင့် တက်ကြရသည်။ လမ်းမှာ အတက်ချည်းသာများပြီး ကတ္တရာလမ်းဖြစ်သည်။ တောင်တက်လမ်းဖြစ်၍ တောင်ကမ်းပါးယံများကို ကပ်ဖြိုဖောက်လုပ်ထားပြီး လမ်းဧရိယာကျဉ်းသည်။ သို့သော် ကားနှစ်စီး ရှောင်မောင်းနိုင်သည်။

ချင်းတောင်တန်းကြီးမှာ သက်နတောင်တန်းဖြစ်သည်။ ကလေးမြို့မှ ထွက်ခွာလာပြီး တစ်နာရီခန့်အကြာ မြစိမ်းရောင်လွှမ်းနေသော လယ်ကွင်းများဖြင့် ဝိုင်းရံနေသည့် ကလေးမြို့ကို တောင်ထိပ်မှ တွေ့ရသည်။ စိမ်းစိမ်း ညို့ညို့တောင်တန်းကြီးများပေါ်တွင် ထင်းရှူး၊ ဝက်သစ်ချ၊ သစ်အယ် စသော ဒေသပေါက်ပင်များ တွေ့ရသည်။ တောင်အောက်ချိုင့်ဝှမ်းများနှင့် တောင်ကမ်းပါးယံတို့တွင် စိမ်းလန်းနေသော လှေကားထစ် စိုက်ခင်းများကို အထပ်ထပ်အရစ်ရစ် တွေ့ရသည်။ စပါး၊ ကြက်သွန်နီ၊ အစေ့ထုတ်ပြောင်းနှင့် ဟင်းသီးဟင်းရွက် စိုက်ခင်းများဖြစ်သည်။ လမ်းတစ်လျှောက်တွင် တောင်ပေါ်မှ ဆင်းလာသော ကုန်စိမ်းကားများ၊ ခရီးသည်တင် ဘတ်စ်ကားများနှင့် မော်တော်ဆိုင်ကယ်များ တွေ့ရသည်။ ခရီးသည်တင် ဘတ်စ်ကားများမှာ ဟားခါးနှင့် ဖလမ်းမြို့တို့မှ နံနက်စောစောပိုင်း ကလေးမြို့သို့ ထွက်ခွာလာသည့် လိုင်းကားများဖြစ်သည်။ ဟားခါးမြို့မှ ကလေးသို့ လိုင်းကားများဖြင့် ခရီးသွားကြသူများမှာ တစ်နေကုန်အောင် ကားစီးကြရသည်။ နံနက် ၅နာရီ ကားထွက်လျှင် ညနေ ၅နာရီမှရောက်သည်။ ကလေး နှင့်ဟားခါးမြို့မှာ မိုင် ၁၂၀ ဝေးသည်။

လမ်းတစ်လျှောက်တွင် တောင်ပတ်လမ်းကိုကပ်၍ ဆောက်ထားသည့် ချင်းတိုင်းရင်းသားတို့၏ ကျေးရွာနေအိမ်များတွေ့ရသည်။ နေအိမ်များမှာ သွပ်မိုး၊ ပျဉ်ထောင် ပျဉ်ကာအိမ်များဖြစ်သည်။ အိမ်ရှေ့တွင် ပန်းအလှပင်များ အလှပဆုံးဖြစ်အောင် စိုက်ပျိုးထားကြသည်။ အိမ်နောက်ချိုင့်ဝှမ်းကြီးများတွင် ၎င်းတို့၏ လှေကားထစ်စိုက်ခင်းများရှိသည်။ အိမ်တိုင်းနီးပါး အိမ်ရှေ့တွင် အစေ့ထုတ်ပြောင်းဖူးတွဲများ ချိတ်ဆွဲထားကြသည်။ အချို့နေအိမ်ရှေ့တွင် လက်ထောင်းသစ်သားဆုံကြီးများဖြင့် စပါးထောင်းနေကြသည်ကိုလည်း တွေ့ရသည်။ ချင်းတိုင်းရင်းသားများသည် စပါးအပြင် ပြောင်းဖူးစေ့များကိုလည်း ထောင်းကြသည်။ ပြောင်းဖူးစေ့များကို ဖြူအောင်ဖွပ်ပြီး အသားနှင့်ရောကျိုစားကြကြောင်းသိရသည်။ ယင်းမှာ ချင်းတိုင်းရင်းသားတို့၏အဓိကရိုးရာအစားအစာဖြစ်ပြီး ချင်းလို စာဘူးရီးဟုခေါ်ကြသည်။ ထို့ကြောင့် ပြောင်းဖူးကို ဝမ်းစာအဖြစ်သော်လည်းကောင်း၊ စိုက်ပျိုးရန် မျိုးအဖြစ်လည်းကောင်း နေအိမ်တိုင်းနီးပါး ချိတ်ဆွဲသိမ်းဆည်းထားလေ့ရှိကြသည်။



ဖလမ်းမြို့အဝင် မော်တော်ကားလမ်းကို ဤသို့တွေ့ရသည်။

ချင်းရိုးရာနေအိမ်များအောက်တွင် ထင်းချောင်းများ အစီအရီ တွေ့ရသည်။ ချင်းပြည်နယ်သည် ဒီဇင်ဘာလတွင် ရေခဲအောင် အေးလှသဖြင့် မီးလှုံရန်ထင်းများအဆင်သင့်စုဆောင်းထားရှိဟန်တူ၏။ ချင်းပြည်နယ်သည် ပင်လယ်ရေမျက်နှာပြင် ပေ ၅၀၀၀ အထက်ရှိသဖြင့် ဆောင်းရာသီတွင် (-၆) ဒီဂရီစင်တီဂရိတ် အထိအေးတတ်သဖြင့် ရေများခဲလေ့ရှိကြောင်း သိရသည်။

ကလေးမြို့မှ ဖလမ်းမြို့သို့ အသွား ထင်ရှားသောကျေးရွာကြီးများမှာ သိုင်းငင်း၊ လုမ်ဘန်း၊ လုမ်ပီး၊လုမ်ရန်းနှင့် ရန်ထလိုကျေးရွာများဖြစ်သည်။ လုမ်ဘန်းတွင် အခြေခံပညာအထက်တန်းကျောင်း ရှိသည်။ ရန်ထလိုကျေးရွာသည် စိုက်ပျိုးရေးစံပြကျေးရွာ ဖြစ်သည်။ အချို့ကျေးရွာများတွင် မြို့ပြကဲ့သို့လျှပ်စစ်မီးရသည်။ သိုင်းငင်း ကျေးရွာမှာ လမ်းဆုံ ဖြစ်သည်။ သိုင်းငင်းမှ တီးတိန်သို့လည်းကောင်း၊ ဖလမ်းသို့လည်းကောင်း၊ ဟားခါးသို့လည်းကောင်း၊ ကလေးသို့ လည်းကောင်း သွားရောက်နိုင်သည်။ သတင်းခရီးသည်တို့သည် သိုင်းငင်းမှထွက်ခွာလာပြီးနောက် ညနေပိုင်းတွင် ဖလမ်းမြို့သို့ ရောက်ရှိခဲ့သည်။

### ဖလမ်းမြို့

ဖလမ်းမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၅၂၀၀ အမြင့်တွင် တည်ရှိသည်။ ဖလမ်းမြို့မှာ ရပ်ကွက်လေးရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း ၈၀၊ ကျေးရွာပေါင်း ၁၅၈ရွာဖြင့်ဖွဲ့စည်းတည်ရှိနေသည်။ ဖလမ်းမြို့ပေါ်တွင် ခုတင် (၂၀၀)ဆံ့ ခရိုင်ပြည်သူ့ဆေးရုံ ရှိသည်။ ထို့အပြင် အခြေခံပညာအထက်တန်းကျောင်းများလည်း တွေ့ရသည်။ ဖလမ်းမြို့သည် ခရိုင်မြို့ဖြစ်သည့်အလျောက် တယ်လီဖုန်း၊ ဆက်သွယ်ရေး၊ စာတိုက်ကြေးနန်း၊ ရဲစခန်း အစရှိသဖြင့် အစိုးရရုံးများ တည်ရှိသည်။

ဖလမ်းမြို့သည် တောင်ပေါ်စခန်းမြို့ဖြစ်သည့်အလျောက် လူနေအိမ်များနှင့် ရုံးအဆောက်အအုံများကို တောင်ကြောများ၊ တောင်ပတ်လမ်းများတစ်လျှောက် လှပသပ်ရပ်စွာ တည်ဆောက်ထားသည်ကို တွေ့ရသည်။ မြို့၏ဝန်းကျင်တစ်ခွင်တွင် သာယာလှပသော တောင်တန်းကြီးများဖြင့် အလှဆင်လျက်ရှိသည်။ သို့ဖြစ်၍ ဖလမ်းမြို့သည် ချင်းပြည်နယ်၏ အလှဂုဏ်ကို ဖော်ညွှန်းပြသနေသည့် မြို့တစ်မြို့ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

**ဖလမ်းမြို့နယ်ရှိ ချင်းတိုင်းရင်းသားများ နေထိုင်ရာနေအိမ်များကို ချင်းတောင်တန်းပေါ်၌ ဤသို့ အစီအရီ တွေ့ရသည်။**



❖ *ကျောဖုံးမှ*

*ဒီဂြိုဟ်ရဲ့ မျက်နှာပြင်နဲ့ တောင်တန်းတွေဟာ စိန်တုံးစိန်ခဲတွေနဲ့ ဖွဲ့စည်းထားသလို တွေ့ရတယ်လို့လည်း သုတေသနအဖွဲ့ခေါင်းဆောင် ဒေါက်တာနစ်ကုမက်ဟူဆွက်ဟမ်က ပြောပါတယ်။ ဒီစိန်ရောင်တောက်ပနေတဲ့ဂြိုဟ်ကြီးကို သုတေသနပညာရှင်တွေက နာဆာရဲ့ Spitzer Space အဝေးကြည့်မှန်ပြောင်းကိုအသုံးပြုပြီး ကြည့်ခဲ့တာ ကမ္ဘာမြေမှ အလင်းနှစ် ၁၂၀၀ အကွာမှာ တွေ့ရှိခဲ့တယ်လို့ ဆိုပါတယ်။ သူတို့ဟာ ကမ္ဘာ့လေထုရဲ့ ဖွဲ့စည်းတည်ရှိမှုကို တွက်ချက်ပြီးမှ သတင်းထုတ်ပြန်ခဲ့တယ်လို့ လန်ဒန်မြို့ရှိ ဂရင်းဝှစ်ခာတ်ခွဲခန်းမှ ဒေါက်တာမာရက်ကူကူလာက ဆိုပါတယ်။*

*ဒီနက္ခတ္တဗေဒသိပ္ပံပညာရှင်အဖွဲ့ဟာ ယခုတွေ့ရှိတဲ့ ဂြိုဟ်အပါအဝင် ဂြိုဟ်ပေါင်း ၅၀၀ ကျော်ကို စကြဝဠာအတွင်း လေ့လာတွေ့ရှိထားတယ်လို့ ဆိုပါတယ်။ ယခုတွေ့ရှိတဲ့ဂြိုဟ်ကိုတော့ ဒီသိပ္ပံပညာရှင်တွေက Wasp12b လို့ အမည်ပေးထားပါတယ်။ ဒီဂြိုဟ်ကြီးဟာ အောက်ဆီဂျင်ထက် ကာဗွန်ပိုများတဲ့ဂြိုဟ်ဖြစ်ပါတယ်။ ဒီဂြိုဟ်ဟာ ဂျူပီတာဂြိုဟ်လို ကြီးမားတဲ့ဂြိုဟ်ကြီးတစ်လုံးပါပဲ။ ဂျူပီတာဂြိုဟ်ကတော့ ဟိုက်ဒရိုဂျင်ဓာတ် အများဆုံး ရှိနေတဲ့ ဂြိုဟ်ကြီးဖြစ်ပါတယ်။ ဒီဂြိုဟ်ဟာ စိန်တွေ၊ ဂရက်ဖိုက်တွေနဲ့ အခြားသော ကာဗွန်ဒြပ်ပေါင်းတွေနဲ့ ဖွဲ့စည်းထားတဲ့ဂြိုဟ် ဖြစ်နိုင်တယ်လို့လည်း သိပ္ပံပညာရှင်တွေက ကောက်ချက်ချထားပါတယ်။ ဒီတွေ့ရှိချက်ဟာ ကျွန်ုပ်တို့စကြဝဠာကြီးအတွင်း ကာဗွန်ဒြပ်တွေနဲ့ဖွဲ့စည်းထားတဲ့ ဂြိုဟ်တွေဟာ လူသားများနေထိုင်ရာ ကမ္ဘာကြီးရဲ့ အရွယ်အစားအတိုင်း အများအပြားရှိနိုင်တယ်လို့လည်း သိပ္ပံပညာရှင်တွေက တွက်ဆထားကြပါတယ်။*

***ကိုးကား-အင်တာနက်***

# မြောင်းမြ၌ မိုးစပါးစံကွက်ရိတ်သိမ်း

**မြောင်းမြ ဒီဇင်ဘာ ၉**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး(စီမံ) ဦးသိန်းဝင်းသည် ဒီဇင်ဘာ ၁ရက် ညနေ ၃နာရီတွင် မြောင်းမြမြို့နယ်မြေစာရင်းဦးစီးဌာနရုံးတွင် ခရိုင်နှင့် မြို့နယ်ရုံးဝန်ထမ်းများအားတွေ့ဆုံပြီး လုပ်ငန်းဆောင်ရွက်မှုများကို စစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

တက်ရောက်

ထို့နောက် ညွှန်ကြားရေးမှူးသည် ညနေ ၄နာရီတွင် မြောင်းမြခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းထူးကျော်၊ အတွင်းရေးမှူး ဦးမြင့်ဌေး၊ ခရိုင်မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးတင်ထွန်းအောင်တို့နှင့်အတူ မြောင်းမြမြို့နယ် ခနံးချောင်းကျေးရွာအုပ်စု ကွင်းအမှတ်(၂၁၀) ကြာဖူးငုံမြောက်ကွင်း ဦးပိုင်အမှတ်(၃/၁) တောင်သူဦးရာဟုလုံး၏ လယ်မြေ၌ မိုးစပါး(နံ့ကားမျိုး) စံကွက်ရိတ်သိမ်းပွဲသို့ တက်ရောက်သည်။ စံကွက်ရိတ်သိမ်းရာတွင် တစ်ဧက ၆၅ဒသမ ၆၁တင်း ထွက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့**



**သာကေတမြို့နယ် အထက၊ အလက ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၀၉-၂၀၁၀ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို နိုဝင်ဘာ ၂၇ရက်က အထက (၂) ကျောင်းခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဦးအောင်သွင်က တက္ကသိုလ်ဝင်စာမေးပွဲ၌ ငါးဘာသာ ဂုဏ်ထူးရရှိသူ မအိမ့်သဉ္ဇာဝင်းအား ဂုဏ်ပြုဆုပေးအပ်စဉ်။**
(မြို့နယ်သမဝါယမ)

# ၂၀၁၀ခုနှစ် အကောင်းဆုံး မြန်မာအိုင်တီများထုတ်ပြန်

**ရန်ကုန် ဒီဇင်ဘာ ၉**

မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် Novel Light Media Ltd. တို့ ပူးပေါင်းပြုလုပ်သည့် ၂၀၁၀ခုနှစ် မြန်မာနိုင်ငံ အိုင်စီတီစစ်တမ်းကောက်ယူရရှိမှုအခြေအနေများနှင့် အိုင်စီတီစစ်တမ်းရလဒ်များ သုံးသပ်တင်ပြခြင်း အခမ်းအနားကို ဒီဇင်ဘာ ၆ရက် နံနက်၉နာရီက ရန်ကုန်မြို့ တက္ကသိုလ်များ (လှိုင်နယ်မြေ)ရှိ မြန်မာအင်ဖိုတက်ခ်အစည်းအဝေးခန်းမ(၂၀၅)၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် Working-group ကော်မတီဥက္ကဋ္ဌ ဦးသောင်းတင်၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်ကျော်မိုးတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ၂၀၁၀ခုနှစ် အိုင်စီတီစစ်တမ်းအရ ထွက်ပေါ်လာသော စားသုံးသူရွေးချယ်မှု ရလဒ်ကောင်းများရရှိခဲ့သည့် မြန်မာကွန်ပျူတာအဖွဲ့အစည်းများကို ဥက္ကဋ္ဌ ဦးသောင်းတင်က အမှတ်တရတံဆိပ်နှင့် လက်မှတ်များ ပေးအပ်သည်။ ထို့နောက် အိုင်စီတီစစ်တမ်းကောက်ယူမှုတွင် ပါဝင်ဖြေဆိုခဲ့ကြသူများထဲမှ ကံထူးရှင် ၃၄ဦးအား ကွန်ပျူတာများ၊ ပရင်တာများ၊ အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

၂၀၁၀ မြန်မာအိုင်စီတီစစ်တမ်းအရ ထွက်ပေါ်လာသော စားသုံးသူရလဒ်ကောင်းများ ရရှိခဲ့သည့် အိုင်စီတီ ထုတ်ကုန်များမှာ Brand အလိုက် သုံးစွဲသူအများဆုံး၊ အရောင်းရဆုံးရွေးချယ်ခံရမှုအဖြစ် လက်ပ်တော့ကွန်ပျူတာတွင် Acer ကွန်ပျူတာက လည်းကောင်း၊ UPS တွင် Power Tree UPS က လည်းကောင်း၊ မော်နီတာတွင် View Sonic မော်နီတာက လည်းကောင်း၊ အင့်ဂျက်ပရင်တာတွင် EPSON ပရင်တာကလည်းကောင်း၊ စာဖတ်သူအများဆုံး အိုင်တီဂျာနယ်တွင် အင်တာနက်ဂျာနယ်ကလည်းကောင်း အသီးသီးရွေးချယ်ခံရသည်။

ထို့အတူ ကွန်ပျူတာဝယ်ယူသုံးစွဲသူအများဆုံး အရောင်းစင်တာအဖြစ် KMD Sale Centre က လည်းကောင်း၊ ကွန်ပျူတာ ထိန်းသိမ်းပြုပြင်ရေးတွင် Technoland Computer Centre က လည်းကောင်း၊ အများဆုံး သဘောကျနှစ်ခြိုက်သည့် ကွန်ပျူတာ သင်တန်းကျောင်းအဖြစ် KMD Training Centre ကလည်းကောင်း အသီးသီးရွေးချယ်ခံရသည်။ ၂၀၁၀ ခုနှစ် မြန်မာကွန်ပျူတာစစ်တမ်းအရ အကောင်းဆုံး ကွန်ပျူတာထုတ်ကုန်များ၊ အဖွဲ့အစည်းများအဖြစ် ရွေးချယ်ခံရသူများကို ဥက္ကဋ္ဌ ဦးသောင်းတင်က အမှတ်တရလက်ဆောင်များနှင့် လက်မှတ်များ ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မြို့ဝင်ဆိုင်းဘုတ် (ဟိုပုံးမြို့ဘက်အထွက်) သာယာလှပရေး အဆင့်မြှင့်တင် ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၂၇ရက်က ရှမ်းပြည်နယ် (တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ကွင်းဆင်းစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးအောင်နိုင်ထွန်း ရှင်းလင်းတင်ပြစဉ်။**
(ပြည်နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ-
ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။



ရွှေတံဆိပ်ဆွတ်ခူးရရှိခဲ့ကြသော ကျော်ဇင်သက်၊ အေးသစ္စာမြင့်နှင့် ဝေဖြိုးအောင်တို့အား ရွှေတွဲလွဲဖြင့် ပြိုင်ပွဲမှအပြန်ခရီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဤသို့တွေ့ရသည်။

## နိုင်ငံ့ဂုဏ်ဆောင် မြန်မာလူငယ်ဝူရှူးအဖွဲ့ အောင်ပွဲနှင့်အတူ ပြန်လည်ရောက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၉

သတင်းမှတ်စုနှင့် ဓာတ်ပုံ
ဖိုးသော်ဇင်

စင်ကာပူနိုင်ငံတွင် ဒီဇင်ဘာ ၅ရက်မှ ၈ရက်အထိ ကျင်းပခဲ့သော တတိယအကြိမ်မြောက် ကမ္ဘာ့လူငယ် ဝူရှူးတံခွန်စိုက်ပြိုင်ပွဲတွင် မြန်မာလူငယ်ဝူရှူးအားကစားအဖွဲ့က ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် လေးခု၊ ကြေးတံဆိပ် ခြောက်ခု ဆွတ်ခူးရရှိခဲ့ကြသည်။ **(သတင်းဖော်ပြပြီး)** အဆိုပါ အောင်ပွဲရ မြန်မာလူငယ်ဝူရှူးအဖွဲ့သည် ယနေ့မွန်းလွဲ ၂နာရီက ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကြိုဆိုနှုတ်ဆက်ကြသည်။

*စာမျက်နှာ ၉ ကော်လံ ၃* ●

## စိန်ရောင်တောက်ပနေသော ဂြိုဟ်ကြီးတွေ့ရှိ

*လန်ဒန် ဒီဇင်ဘာ ၉*

ကောင်းမြတ်သူ
ရေးသားသည်

*အမေရိကန်နဲ့ဗြိတိသျှ နက္ခတ္တဗေဒပညာရှင် အဖွဲ့တစ်ဖွဲ့ဟာ ကာဗွန်သိပ်သည်းဆ အလွန်များတဲ့ ပထမဆုံးဂြိုဟ်ကြီးတစ်လုံးကို တွေ့ရှိရတယ်လို့ ဆိုပါတယ်။*

*ကာဗွန်သိပ်သည်းဆ အလွန်များတဲ့ဂြိုဟ်တွေဟာ စိန်တွေ ဒါမှမဟုတ် ဂရက်ဖိုက်တွေကို ပြုလုပ်နိုင်တဲ့ အခြေအနေရှိတယ်လို့လည်း သူတို့က ဆိုပါတယ်။*

*စာမျက်နှာ ၁၀ ကော်လံ ၁* ❖



## လေပွေ လှိုင်းများကြောင့် မိုးရွာနိုင်

*နေပြည်တော် ဒီဇင်ဘာ ၉*

*ယနေ့မွန်းလွဲ ၁၂နာရီခွဲ တိုင်းထွာချက်များအရ မြန်မာနိုင်ငံဘက်ဆီသို့ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများကြောင့် နောက် ၄၈နာရီအတွင်း ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)*